မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၅ ရက်၊ ၂၀၀၅ ခုနှစ်၊ မေပြီ ၂၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၂)၊ အမှတ် (၂၀၇)

အခြေခံကောင်းများ ထိထိမိမိအသုံးချ

နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အစိုးရ၏ မွန်မြတ်သည့် စေတနာနှင့် လုပ်ကိုင်ဆောင်ရွက် ထူထောင်ပေးထားသည့်အခြေခံကောင်းများကို ထိထိမိမိအသုံးချပြီး မှန်ကန်သည့်အလုပ်ဖြင့် တုံ့ပြန်။

ကွန်ချောင်းရေလှောင်တမံကြောင့် စိုက်ပျိုးမြေဧက ၂၀၀၀၀ ကျော် ဆောင်းသီးနှံနှင့်နွေစပါး တိုးချဲ့စိုက်ပျိုးနိုင်
နိုင်ငံတော်က ရည်မှန်းတာဝန်ပေးထားသည့် မိုးစပါးဧက ၃၆ သိန်းပြည့်မီရေး အားထုတ်ကြိုးပမ်း
ခေတ်သစ်စနစ်သစ် ပြောင်းလဲထူထောင်မှုနှင့်အတူ မြေနှင့်ရေသယံဇာတများ တီထွင်ကြံဆလုပ်ကိုင်
နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကွန်ချောင်းရေလှောင်တမံဖွင့်ပွဲ၌ မှာကြား

ရန်ကုန် မေပြီ ၂၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)က တာဝန်ယူ တည်ဆောက်ပြီးစီးသည့် ဧရာဝတီတိုင်း ကြံခင်းမြို့နယ်ရှိ ကွန်ချောင်းရေလှောင်တမံဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အဆိုပါရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါကွန်ချောင်းရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဧရာဝတီတိုင်း ဟင်္သာတခရိုင်နှင့် ကြံခင်းမြို့နယ်၊ မြန်အောင်မြို့နယ်တို့မှ ခရိုင်နှင့်

စာမျက်နှာ ၇ ကော်လံ ၁ ✡

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကွန်ချောင်းရေလှောင်တမံ၏ ရေထိန်းမျှော်စင်နှင့် ရေလှောင်တမံ ရေသိုလှောင်ထားမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)က တာဝန်ယူ တည်ဆောက်ခဲ့သည့် ဧရာဝတီတိုင်း ကြံခင်းမြို့နယ်ရှိ ကွန်ချောင်းရေလှောင်တမံကို တွေ့ရစဉ်။

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

မြန်မာနိုင်ငံ၏ တိုးတက်ပြောင်းလဲမှုများ နိုင်ငံတကာက သိမြင်နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ပါဝင်ကူညီသင့်

ယနေ့ ကမ္ဘာကြီးတွင် နိုင်ငံငယ်များ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများစွာကို ဖြေရှင်းကြရာတွင် အာရှ–အာဖရိကနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးသည် အရေးကြီးသည့်အခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။ အာရှ–အာဖရိကနိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ရှင်သန်စေရန်အတွက် ၂၀၀၅ ခုနှစ် အာရှ–အာဖရိကထိပ်သီးညီလာခံကြီးကို အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာနှင့် ဘန်ဒေါင်းမြို့တို့တွင် ဧပြီလ ၂၂ ရက်နေ့မှ ၂၄ ရက်နေ့အထိ ကျင်းပခဲ့သည်။

အဆိုပါ ထိပ်သီးညီလာခံသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံပေါင်း ၁၀၅နိုင်ငံမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ တက်ရောက်ခဲ့ပြီး တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ဧပြီလ ၂၃ရက်နေ့တွင် အင်ဒိုနီးရှား သမ္မတနိုင်ငံ ဂျကာတာမြို့ ဂျကာတာကွန်ဗင်းရှင်းစင်တာရှိ အခန်းအမှတ်(၄)၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီ အေ၊ အာနန် တို့ ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေး ပြောကြားသည်။

ယင်းသို့ တွေ့ဆုံရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

"မိမိတို့ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်လျက်ရှိရာ ၂၀၀၃ခုနှစ် ဩဂုတ်လ ၃၀ရက်နေ့တွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲနိုင်ရန် အမျိုးသားညီလာခံကို ကျင်းပနေပါကြောင်း၊ ယင်းညီလာခံတွင် ဆွေးနွေးသဘောတူရရှိသည့် အခြေခံမှုများအပေါ် မူတည်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲမှာ ဖြစ်ပါကြောင်း၊ အဆိုပါမူကြမ်းကို ပြည်သူ့ဆန္ဒခံယူလျက် အတည်ပြုသွားရန် ရှိပါကြောင်း၊ ယင်းနောက် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပပြီး နိုင်ငံတော်အစိုးရ အဖွဲ့အစည်းတစ်ရပ်ကို ဖွဲ့စည်းမှာဖြစ်ပါကြောင်း"

ရှင်းလင်းပြောကြားသွားသည်။

ယင်းနောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီ အေ၊ အာနန်က ပြန်လည်ဆွေးနွေးရာတွင်–

"မြန်မာနိုင်ငံ ပြည်သူပြည်သားများအားလုံးနှင့် တိုင်းရင်းသားလူမျိုးစုအားလုံးအတွက် ဆောင်ရွက်နေသည်ကို ယုံကြည်ပါကြောင်း၊ ကုလသမဂ္ဂအနေဖြင့်လည်း ချီးကျူးပါကြောင်း၊ အချို့ ပြည်ပနိုင်ငံနှင့် သတင်းဌာနများအနေဖြင့် ဝေဖန်ပြောကြားမှုများ၊ အထင်လွဲမှားမှုများ ရှိနေပါကြောင်း၊ ယင်းသို့ပြောကြားချက်များကြောင့် ကုလသမဂ္ဂသည် မြန်မာနိုင်ငံ၏ ရန်သူဟု ထင်မြင်သူများ ရှိပါကြောင်း၊ အမှန်စင်စစ် ကုလသမဂ္ဂသည် မြန်မာနိုင်ငံ၏ ရန်သူမဟုတ်ဘဲ မိတ်ဆွေသာဖြစ်ပါကြောင်း၊ နိုင်ငံတကာ အသိုင်းအဝိုင်းကလည်း မြန်မာနိုင်ငံ၏ ပြည်တွင်းဖြစ်ပေါ်တိုးတက်ရန် ကြိုးပမ်းမှုများအတွက် ကူညီသင့်ပါကြောင်း"

ပြောကြားသွားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို အပြောမဟုတ်ဘဲ လက်တွေ့ကျကျ လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံဖြစ်သည်။ ယခင်က မဆောင်ရွက်နိုင်ခဲ့သဖြင့် ခေတ်နောက်ကျ ကျန်နေခဲ့ရသည့် နိုင်ငံတော်ကြီးကို တပ်မတော်အစိုးရသည် နိုင်ငံ့တာဝန် စတင်ယူသည့် အချိန်မှစ၍ အဘက်ဘက်မှ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ပြန်လည်တည်ဆောက်ပေးလျက် ရှိသည်။

ထို့ကြောင့် အာရှ–အာဖရိက ထိပ်သီးညီလာခံအတွင်း တွေ့ဆုံခဲ့သည့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီ အေ၊ အာနန်အား အဆင်ပြေသည့်အချိန်တွင် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများကို လာရောက်ကြည့်ရှုလေ့လာရန် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရင်းရင်းနှီးနှီးဖိတ်ကြား ပြောဆိုခဲ့ပေသည်။

သို့ဖြစ်ရာ အာရှ–အာဖရိက ထိပ်သီးညီလာခံတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီ အေ၊ အာနန် တို့ ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးမှုများအရ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲ တိုးတက်မှုများကို နိုင်ငံတကာက ကျယ်ကျယ်ပြန့်ပြန့် သိမြင်နားလည် လာမည်ဖြစ်သကဲ့သို့ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ပြည်တွင်းဖြစ်ပေါ် တိုးတက်မှုများတွင် ပါဝင်ကူညီသင့်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း မြို့တော် သန့်ရှင်းသာယာလှပရေး အဆင့်မြှင့်ဆောင်ရွက်မှုလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဧပြီ ၂၇

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့တော်သန့်ရှင်းသာယာလှပစေရေး၊ ရေစီးရေလာ ကောင်းမွန်စေရေး၊ လမ်းများနှင့်လူသွားစင်္ကြံများ အဆင်မြှင့်တင် ခင်းကျင်းလျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နံနက် ၆နာရီခွဲတွင် တာမွေမြို့နယ် ဗညားဒလလမ်းနှင့် ဗျိုင်းရေအိုးစင်လမ်းဆုံသို့ ရောက်ရှိပြီး ဗညားဒလလမ်းကို စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာဆက်လက်ခင်းကျင်းလျက်ရှိသည့် အခြေအနေကို လည်းကောင်း၊ **(ယာပုံ)** ဗဟန်းမြို့နယ်ဦးချစ်မောင်လမ်း တစ်လျှောက် လမ်းဘေး ဝဲယာရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းလျက်ရှိသည့်အခြေအနေကို လည်းကောင်း၊ ဗဟန်းမြို့နယ် ဆရာစံလမ်း အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် မြောက်မြင်းပြိုင်ကွင်းလမ်းဆုံ၌ လမ်းဖြတ်မြေအောက်ရေနုတ်မြောင်းဆယ်ယူရှင်းလင်းလျက်ရှိသည့် အခြေအနေကို လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် တောင်ငူလမ်းတစ်လျှောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက လမ်းဘေး ဝဲယာရေနုတ်မြောင်းများ ရှင်းလင်းခြင်းနှင့် ရပ်ကွက်နေ ပြည်သူများအား သန့်ရှင်းသည့် သောက်သုံးရေပေးဝေလျက်ရှိသည့် ရေပိုက်လိုင်းများကို ဆေးကြောခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေ

အနေကိုလည်းကောင်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် မောင်းမကန် ကမ်းသာလမ်း ကတ္တရာခင်းကျင်းပြီးစီးမှုအခြေအနေနှင့် အဆိုပါ လမ်းပေါ်၌ တိုးကြောင်ကလေးချောင်းကို ဖြတ်၍ အရှည်ပေ ၃၀၊ အကျယ် ၇၂ ပေရှိ ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ခင်းကျင်းပြီးသည့် လမ်းများရေရှည်ခိုင်ခံ့မှုရှိစေရေးနှင့် ခင်းကျင်းဆဲလမ်းများ အရည်အသွေး စံချိန်စံညွှန်းမီစွာ အမြန်ပြီးစီးရေး ဆောင်ရွက်ကြရန်နှင့် ပြည်သူများသန့်ရှင်းသည့် သောက်သုံးရေ ရရှိသုံးစွဲနိုင်ရေး၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက်၊ အမှတ် ၇၀ တက္ကသိုလ်ရိပ်သာလမ်း အင်းလျားဝေဠုဝန်ကျောင်းတိုက်အတွင်း ဆောက်လုပ်ဆဲ သုံးထပ်ကျောင်းဆောင်ကြီးအတွက် နှစ်ဖက်သောမိဘများအား ဦးထိပ်ထား၍ အလှူရှင် ရန်ကုန်မြို့ အလုံမြို့နယ် သရဖီလမ်း အမှတ် ၂၅နေ ဦးတင့်လွင်–ဒေါ်ဥမ္မာဟန်၊ သမီးမဝင်းမေမင်း၊ သားမောင်မင်းခန့်တို့က ငွေကျပ် ၁၅၀၀၀၀၀ လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီး သန်းလှ(ငြိမ်း)က လက်ခံယူစဉ်။ (က–ပ)

မြဝတီရုပ်မြင်သံကြား

၂၈–၄–၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄း၅၅ ၈။ မျိုးချစ်တပ်မတော်
၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က) ပါဠိစာပေ (ဒုတိယနှစ်အရှေ့တိုင်းပညာ)
(ခ) Structure Study I (ဒုတိယနှစ်အင်္ဂလိပ်စာ)
၅း၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၆။ **"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း (အပိုင်း–၄၃)
၆း၄၅ ၁၇။ လျှပ်တစ်ပြက်
၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ငယ်ချစ်ဦး"** (အပိုင်း–၃၅)
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ မြဝတီရဲ့ မြဝတီ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သူ့ရဲကောင်းများ ထွန်းကားသည်"** (အပိုင်း–၂)

၂၈-၄-၂၀၀၅ မြန်မာ့အလင်း

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်မှုရရှိရေး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တိုင်းရင်းသားအားလုံး ကျရာကဏ္ဍကဝိုင်းဝန်းကြိုးပမ်း

*** ကျောဖုံးမှ**

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည်နံနက် ၁၁ နာရီခွဲတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြစ်ကြီးနားလေတပ်စခန်းဌာနချုပ်သို့ရောက်ရှိလာကြရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်း၊ မြစ်ကြီးနားလေတပ်စခန်းဌာနချုပ် ခေတ္တလေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးကြီးမင်းဇော်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေလိုက်ပါလျက် မြစ်ကြီးနားမြို့နယ် ပမ္မတီးကျေးရွာအုပ်စု ရွှေအိုက်ကျေးရွာအနီးရှိ မြစ်ကြီးနားအစိုးရကွန်ပျူတာကောလိပ်သို့ ရောက်ရှိလာကြရာ မြစ်ကြီးနားအစိုးရကွန်ပျူတာကောလိပ်ကျောင်းအုပ်ကြီး၊ မြစ်ကြီးနားအစိုးရ နည်းပညာကောလိပ်ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရှင်းလင်းဆောင်၌ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား မြစ်ကြီးနားအစိုးရကွန်ပျူတာကောလိပ်ကျောင်းအုပ်ကြီး ဒေါက်တာဒေါ်နှင်းမင်းဦးက မြစ်ကြီးနား အစိုးရကွန်ပျူတာကောလိပ်၏နောက်ခံသမိုင်း၊တည်နေရာနှင့် အကျယ်အဝန်း၊ ရည်ရွယ်ချက်၊ဆရာ ဆရာမနှင့်ဝန်ထမ်းအင်အား၊ ကျောင်းသား ကျောင်းသူအင်အား၊သင်ကြားသော ဘာသာရပ်များ၊ ပေးအပ်မည့်ဘွဲ့များ၊ မွေးထုတ်ခဲ့ပြီးသော ဘွဲ့ရရှိပြီးသူ ဦးရေ၊ သင်ကြားရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ အခြေအနေနှင့် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကူညီပံ့ပိုးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြစ်ကြီးနားအစိုးရနည်းပညာကောလိပ် ကျောင်းအုပ်ကြီး ဦးအောင်မိုးက မြစ်ကြီးနားအစိုးရနည်းပညာကောလိပ် စတင်ဖြစ်ပေါ်လာပုံ၊ တည်နေရာနှင့် အကျယ်အဝန်း၊ ဖွင့်လှစ်ထားရှိသောသင်တန်းများ၊ စီမံရေးရာဝန်ထမ်းအင်အား၊ သင်ကြားရေးဆရာ ဆရာမများ အင်အား၊ သင်ယူနေကြသော ကျောင်းသားကျောင်းသူအင်အား၊ မွေးထုတ်ပေးခဲ့သော ဘာသာရပ်အလိုက်ဘွဲ့နှင့် ဒီပလိုမာဘွဲ့ ရရှိပြီးဦးရေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက မြစ်ကြီးနားအစိုးရကွန်ပျူတာကောလိပ်ကို ပညာရှင် ဆရာ ဆရာမများဖြင့် ဘာသာရပ်အလိုက် သင်ကြားပို့ချပေးနေမှု အခြေအနေ၊ ကွန်ပျူတာတက္ကသိုလ်အဆင့်အထိ တိုးမြှင့်နိုင်ရန် စီစဉ် ဆောင်ရွက်နိုင်မှု အခြေအနေ၊ မြစ်ကြီးနားအစိုးရနည်းပညာကောလိပ်တွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာများပို့ချပေးနေမှု၊ ဆက်လက်တိုးချဲ့ပို့ချပေးမည့် ဘာသာရပ်အလိုက် ဆရာဆရာမများ စီစဉ်ထားရှိမှု အခြေအနေနှင့် နည်းပညာကောလိပ် ဆောက်လုပ်ရာတွင် လိုအပ်သည်များကို ကြီးကြပ်ပံ့ပိုးပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက တင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြပြီး မြစ်ကြီးနားအစိုးရကွန်ပျူတာကောလိပ်နှင့် အစိုးရနည်းပညာကောလိပ်တို့တွင် တာဝန်ထမ်းဆောင်နေကြသော ဆရာဆရာမများအား သွားလာဆက်သွယ်မှုကောင်းမွန်စေရန် စီစဉ်ဆောင်ရွက်မည့်အစီအစဉ်နှင့် ပံ့ပိုးကူညီဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြစ်ကြီးနားအစိုးရနည်းပညာကောလိပ်တည်ဆောက်ရေးလုပ်ငန်းကို တာဝန်ယူဆောင်ရွက်နေသော Ever Green Co., Ltd. မှ စီမံကိန်းအင်ဂျင်နီယာ ဦးတေဇာမင်းက နည်းပညာကောလိပ် အဆောက်အအုံကို အလျား ၅၁၃ ပေ၊ အနံ ၃၅၈ ပေရှိ သံကူကွန်ကရစ် သုံးထပ်အဆောက် အအုံအဖြစ် တည်ဆောက်နေမှု၊ အဆောက်အအုံတွင် အလျားပေ၁၂၀၊ အနံပေ၈၀ရှိ Assembly Hallတစ်ခန်း၊ အလျားပေ၄၀၊ အနံပေ ၃၀ရှိ စာသင်ခန်း၄၂ခန်းနှင့် သန့်စင်ခန်း၇၂ခန်းထည့်သွင်းတည်ဆောက်နေမှု၊ နည်းပညာကောလိပ်လမ်းမကြီးကို အရှည်ပေ၁၅၇၀ဖောက်လုပ်ပြီး မြက်ခင်းများ၊ ပန်းအလှပင်များဖြင့် စီစဉ်စိုက်ပျိုးနေမှုအခြေအနေများနှင့် တည်ဆောက်မှုလုပ်ငန်း ၉၀ ရာခိုင်နှုန်း ပြီးစီးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

စည်းရုံးလှုံ့ဆော်

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ကွန်ပျူတာကောလိပ်နှင့် နည်းပညာကောလိပ်များက သင်တန်းသား ကျောင်းသား ကျောင်းသူများကို အရေအတွက်ရော အရည်အချင်းပါ ပြည့်ဝအောင်မွေးထုတ်သင်ကြားပေးရေး၊ နည်းပညာရပ်များ သင်ကြားပေးရေးသာမက လက်တွေ့အသုံးပြုနိုင်သော ဇီဝနည်းပညာဖြင့် မီသိန်းဓာတ်ငွေ့မှ လျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်မည့် နည်းပညာများကို ကျေးလက်နေ ပြည်သူများ လက်တွေ့အသုံးပြုနိုင်အောင် တီထွင်လုပ်ဆောင်ရေး၊ နည်းပညာကောလိပ် အဆောက်အအုံတည်ဆောက်ရာတွင် သတ်မှတ်စံချိန်စံညွှန်း ပြည့်မီအောင်နှင့် သတ်မှတ်ချိန်အမီ ပြီးစီးအောင် စေတနာထားဆောင်ရွက်ရေး၊ ဆောက်လုပ်မှုလုပ်ငန်းများကို လိုအပ်သလို အကြံပြုကြီးကြပ်ကွပ်ကဲနိုင်ရန် အဖွဲ့ ဖွဲ့စည်း၍ ကြီးကြပ်ကွပ်ကဲသွားရေး၊ ကျောင်းပရိဝုဏ်အတွင်း ပန်းအလှပင်များ၊ အရိပ်ရလေကာပင်များ စိုက်ပျိုးပြီး သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ရေးနှင့် ဒေသနေပြည်သူများအား နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် တိုင်းကျိုးပြည်ပြုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်ကြစေရန် စည်းရုံး လှုံ့ဆော်သွားကြရေးတို့ကို မှာကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် နည်းပညာကောလိပ် ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးပြီး နည်းပညာကောလိပ်အဆောက်အအုံတည်ဆောက်မှုလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက တည်ဆောက်မှုလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ မြစ်ကြီးနားအစိုးရနည်းပညာကောလိပ် ပင်မအဆောက်အအုံတည်ဆောက်နေမှုမှာ ယခုအခါ ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး ၂၀၀၅ ခုနှစ် နိုဝင်ဘာလကုန်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် မွန်းလွဲ ၂ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို မှာကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွှန့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်း၊ ပညာရေးဝန်ကြီးဌာနဝန်ကြီးဦးသန်းအောင်၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ကချင်ပြည်နယ် ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေက ဒေသဆိုင်ရာအချက်အလက်များဖြစ်သည့် နယ်မြေအကျယ်အဝန်း၊ လူဦးရေ၊ ပြည်နယ်အတွင်းနေထိုင်သည့် လူမျိုးများ၊ မြေမျက်နှာပြင်နှင့်ရာသီဥတု၊ မြေအသုံးချမှုနှင့် စိုက်ပျိုးရေး အခြေအနေ၊ ၂၀၀၄–၂၀၀၅ခုနှစ် အဓိကသီးနှံ၁၀မျိုးစိုက်ပျိုးမှု၊ ဖားကန့်မြို့နယ် နောင်းမီဒေသ လယ်ယာမြေသစ်ဧက ၁၀၀၀ ဖော်ထုတ်စိုက်ပျိုးမှုနှင့်ပံ့ပိုးဖြည့်ဆည်းပေးမှု၊ ပူတာအိုခရိုင်၌ နွေစပါး စမ်းသပ် စိုက်ပျိုးနေမှု၊ ၂၀၀၅–၂၀၀၆ခုနှစ်တွင် လယ်မြေသစ်ဧက ၆၀၀၀ တိုးချဲ့ ဖော်ထုတ်နေမှု၊ ရော်ဘာ ဧက၆၆၂၁ဧက စိုက်ပျိုးပြီးစီးမှုနှင့် သုံးနှစ်အတွင်း ရော်ဘာဧက ၄၀၀၀ တိုးချဲ့စိုက်ပျိုးမည့်အစီအစဉ်၊ သီးနှံစိုက်ဧက တိုးတက်လာမှု၊ စိုက်ပျိုးရေရရှိမှု၊ ဒေသဆန်ဖူလုံမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှု၊ လျှပ်စစ်ဓာတ်အားရရှိရန် ဆောင်ရွက်မှု၊ လမ်းပန်းဆက်သွယ်မှုနှင့်လူမှုရေးဆိုင်ရာ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ‘ပညာရေးဖြင့်ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့’ဟူသော ဆောင်ပုဒ်နှင့်အညီ အမျိုးသားပညာရည်မြင့်မားရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရက ကျေးလက်နှင့်နယ်စပ်ဒေသများပါမကျန် ကချင်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံးတွင် အခြေခံပညာနှင့်အဆင့်မြင့်ပညာရပ်များ တစ်ပြေးညီ သင်ယူနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေးစီမံချက် ချမှတ်ဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုများရရှိနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်းက ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အား ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်အောင် တည်ဆောက်ရာတွင် အဓိကလိုအပ်လျက်ရှိသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များတိုးတက်ပေါ်ထွန်းလာရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ပြည်နယ်နှင့် တိုင်းအသီးသီးတို့တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် တက္ကသိုလ်နှင့်ကောလိပ်ကျောင်းများ ဖွင့်လှစ်ထားရှိမှု အခြေအနေများနှင့် ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် နိုင်ငံသားတိုင်းတွင် မိမိနိုင်ငံနှင့် ပတ်သက်၍ မွေးရာပါတာဝန်နှစ်ရပ်ရှိသည်ဟု ပြောကြားလိုကြောင်း၊ ယင်းတာဝန်နှစ်ရပ်မှာ မိမိနိုင်ငံကို ကာကွယ်စောင့်ရှောက်ရန်တာဝန်နှင့် မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် တာဝန်တို့ဖြစ်ကြောင်း။

ကာကွယ်စောင့်ရှောက်

နိုင်ငံသားတိုင်းအတွက် မိမိနိုင်ငံကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ကိုထမ်းဆောင်ရန်မှာ ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို မိမိနှင့် သက်ဆိုင်သည့် ကဏ္ဍမှ ပါဝင်ကာကွယ်စောင့်ရှောက်သွားရန်ဖြစ်ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးတစ်ရာကျော် ပေါင်းစည်းနေထိုင်ကြသည့် နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်း ၁၄ ခုသည်လည်း အဆိုပါ လူမျိုးများပေါင်းစည်းနေထိုင်သည့် ပြည်ထောင်စုငယ်များပင်ဖြစ်ရာ တိုင်းရင်းသားများအတွင်း အစဉ်ထာဝရ စည်းလုံးညီညွတ်အောင် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့်ပင် မိမိနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁ သို့

ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ မှာကြားစဉ်။

(သတင်းစဉ်)

တစ်ကမ္ဘာလုံးနှင့်ဆိုင်သော စီးပွားရေးနှင့်အံကိုက်ဖြစ်ရန် နိုင်ငံများအားလုံး ခြေလှမ်းသွက်သွက် လှမ်းကြရမည်

ဘိုအော(ဟိုင်နန်) ဧပြီ ၂၆

တစ်ကမ္ဘာလုံးနှင့်ဆိုင်သော စီးပွားရေးကွန်ရက်အတွင်းသို့ နိုင်ငံအားလုံးက ဝင်ရောက်ရာတွင် အံကိုက်ဖြစ်စေရန် နိုင်ငံအားလုံးအနေဖြင့် ခြေလှမ်းသွက်သွက်လှမ်းကြမည်မှာ ဧကန်မုချဖြစ်ကြောင်း အာရှနှစ်ပတ်လည်ညီလာခံ ၂၀၀၅ အတွက် ဘိုအောဖိုရမ်၌ တရုတ် ကူးသန်းရောင်းဝယ်ရေး ဒုတိယဝန်ကြီး လီအိုရှီအိုကျိက စနေနေ့၌ ပြောကြားလိုက်သည်။

ညီလာခံ၏ ကမ္ဘာ့စီးပွားရေးတိုးတက်မှုအတွက် စိန်ခေါ်မှုများဆိုင်ရာ ဝန်ကြီးများဆွေးနွေးပွဲတွင် မိန့်ခွန်းပြောကြားစဉ် ဒုတိယဝန်ကြီး လီအိုက ယင်းသို့ မှတ်ချက်ပြုပြောကြားခြင်းဖြစ်သည်။

မြင့်မားခဲ့

ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတိုးတက်မှုသည် ၂၀၀၄ ခုနှစ်အတွင်း ၅ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း လွန်ခဲ့သည့်နှစ် ၃၀ အတွင်းစံချိန်တင် မြင့်မားခဲ့ကြောင်း ကမ္ဘာ့ဘဏ်က အစီရင်ခံသည်။

ကိန်းဂဏန်းများ၏ နောက်ကွယ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မညီမျှမှု တစ်ရပ်ရှိကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများကြားမညီမျှမှုရှိသည် သာမက အုပ်စုနှစ်စုအတွင်း၌လည်း တွေ့ရှိရကြောင်း လီအိုက ပြောကြားသည်။

တစ်ကမ္ဘာလုံးနှင့် ဆိုင်သော စီးပွားရေးသည် အခွင့်အလမ်းများဆိုသော အဓိပ္ပာယ်ကို ဆောင်သည့်ပြင် စိန်ခေါ်မှုများလည်းဖြစ်ကြောင်း လီအိုက ပြောဆိုသည်။ တရုတ်နိုင်ငံသည် ၁၉၇၈ ခုနှစ်၌ တံခါးဖွင့်မူဝါဒကို ရှေ့သို့တွန်းအားပေး လုပ်ဆောင်ခဲ့သည် မှစပြီး ကြီးမားသော အောင်မြင်မှုများရရှိခဲ့သည်။ ၂၆ နှစ် ကာလအတွင်း ပျမ်းမျှစုစုပေါင်း ထုတ်ကုန်တန်ဖိုးတိုးတက်မှုသည် ၉ ဒသမ ၄ ရာခိုင်နှုန်း ထိရောက်ရှိခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

မော်ရိုကိုမင်းသားနှင့် တရုတ်ဒုတိယဝန်ကြီးချုပ်တွေ့ဆုံ နှစ်နိုင်ငံဆက်ဆံရေးကို အပြန်အလှန် ချီးကျူးပြောကြား

ရာဘတ် ဧပြီ ၂၆

မော်ရိုကိုမင်းသား မော်လီရာရှစ်သည် အလည်အပတ်ရောက်ရှိနေသော တရုတ်ဒုတိယဝန်ကြီးချုပ်နှင့် သောကြာနေ့ကတွေ့ဆုံကာ တရုတ်နှင့် ၎င်း၏နိုင်ငံတို့ ရင်းနှီးစွာဆက်ဆံမှုအတွက် ချီးကျူးစကား ပြောကြားလိုက်သည်။

အဘက်ဘက်မှ ရင်းနှီးစွာဆက်ဆံမှုနှင့် နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်ခြင်းကို ရာရှစ်ကလှိုက်လှဲစွာပြောကြားရာတွင် ကဏ္ဍအမျိုးမျိုးတွင် အဆင့်တစ်ခုအထိ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအတွက် တရုတ်နှင့် ပူးပေါင်းဆောင်ရွက်ရန် မော်ရိုကိုကအသင့်ရှိကြောင်း ပြောကြားခဲ့သည်။

မျှော်လင့်

စီးပွားရေးတည်ဆောက်မှုတွင် တရုတ်နိုင်ငံ၏ အောင်မြင်မှုများကို ရာရှစ်က ချီးကျူး စကားပြောကြားပြီး မော်ရိုကိုသည် တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု အတွေ့အကြုံများမှ နည်းယူရန် မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

အပြန်အလှန်ယုံကြည်မှုအပေါ်အခြေခံသည့် နှစ်နိုင်ငံဆက်သွယ်ရေးသည် ၁၉၅၈ ခုနှစ်တွင် သံတမန်ဆက်သွယ်ရေးထူထောင်ခဲ့ကတည်းက အဆင်ပြေချောမွေ့စွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း မကြာသေးမီနှစ်များအတွင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုလျင်မြန်စွာကြီးထွားလာမှုမှာ မျက်မြင်ပင်ဖြစ်ကြောင်း တရုတ်ဒုတိယဝန်ကြီးချုပ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကုန်သွယ်ရေးအတားအဆီးများ ဖယ်ရှားပေးရန် အိန္ဒိယဝန်ကြီးချုပ်မန်မိုဟန်ဆင်း တိုက်တွန်း

ဂျကာတာ ဧပြီ ၂၆

အာရှနှင့် အာဖရိကတိုက်နှစ်တိုက်ရှိ သန်းပေါင်းများစွာသော တောင်သူလယ်သမားများ၏အသက်မွေးမှုလုံခြုံရေးကို အကာအကွယ်ပေးခိုက်တွင် စိုက်ပျိုးရေးပို့ကုန်များအတွက် အတားအဆီးများအား ဖယ်ရှားပြီးဖွံ့ဖြိုးပြီး နိုင်ငံများတွင်ကုန်သွယ်မှုကို ပျက်ပြားစေသော စိုက်ပျိုးရေးအမတော်ကြေးများအား တစ်စတစ်စရုပ်သိမ်းသွားအောင် အာရှနှင့်အာဖရိကနိုင်ငံများက ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ်မန်မိုဟန်ဆင်းက စနေနေ့၌ ပြောကြားလိုက်သည်။

ပြောကြား

မိမိတို့၏ အခြားပို့ကုန်ပစ္စည်းများကို စည်းကြပ်ကောက်ခံသည့်အခွန်ကို နှိမ်ချပေးဖို့လိုအပ်သည်ဟု အာရှအာဖရိကညီလာခံကို စုစည်းတက်ရောက်ကြသော နိုင်ငံ ၁၀၀ ကျော်မှ ခေါင်းဆောင်များအား ဝန်ကြီးချုပ် ဆင်းက ပြောကြားသည်။

စိုးရိမ်ပူပန်

အာရှနှင့်အာဖရိကပြည်သူများ ၎င်းတို့၏ အဓိက စီးပွားရေးအင်အားမှ အကျိုးအမြတ်အပြည့်အဝရရှိရေးကို ပိတ်ပင်ပြီး ပြည်သူများလွတ်လပ်စွာ ဆောင်ရွက်မှုနှင့် ဝန်ဆောင်မှုကို ဆက်လက် တားဆီးပိတ်ဆို့သော ဗီဇာကန့်သတ်ချက်များနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

လိုအပ်

မိမိတို့သည် ဇီဝမျိုးကွဲအရင်းအမြစ်များကို ပိုမိုကြီးမားစွာကာကွယ်ရန်လိုအပ်သည်ဟု အစည်းအဝေးတက်ရောက်လာသူများအားဝန်ကြီးချုပ်ကပြောကြားသည်။ ပတ်ဝန်းကျင်ကာကွယ်ရေးအတွက် နိုင်ငံတကာ၏ သက်ဆိုင်မှုကို တိုက်နှစ်တိုက်မှ နိုင်ငံများ သဘောပေါက်နားလည်ကြောင်း သို့ရာတွင် ယင်းရည်မှန်းချက်သည် ဖွံ့ဖြိုးဆဲနိုင်ငံ များ၏ ဖွံ့ဖြိုးရေးဆန္ဒများ ချိန်ခွင်လျှာ ကိုက်ညီမှုဖြစ်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အထူးသဖြင့် ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံများနှင့် ကြွေးအဆမတန်တင်သော ဆင်းရဲသည့်နိုင်ငံများအတွက် ဖွံ့ဖြိုးတိုးတက်ရေးငွေကြေး အရင်းအမြစ်များ အပိုရရှိစေရန် အရေးပေါ်လုပ်ငန်းများဆောင်ရွက်ဖို့ ဝန်ကြီးချုပ်က တိုက်တွန်းပြောကြားသည်။ **အမ်အင်အေ၊ ပီတီအိုင်**

မြန်မာ့အလင်း နိုင်ငံခြားသတင်းများ



တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ တရုတ်နော်မယ် တက္ကသိုလ်တွင် ဓာတ်ခွဲခန်းတစ်ခု၌ ကြွက်တစ်ကောင်၏မှတ်ဉာဏ်ကို အာရုံခံကိရိယာဖြင့် သုတေသန ပညာရှင်များက မှတ်တမ်းတင်နေသည်ကို ဧပြီ ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရိုမေးနီးယားတပ်ဖွဲ့ဝင်များ မရုပ်သိမ်းလျှင် ဓားစာခံသတင်းစာဆရာ သုံးဦးအား သတ်ပစ်မည်ဟု ခြိမ်းခြောက်

ဘဂ္ဂဒက် ဧပြီ ၂၆

အီရတ်နိုင်ငံတွင် ပြီးခဲ့သည့်လ၌ အီရတ်လက်နက်ကိုင်များက ဓားစာခံအဖြစ် ဖမ်းဆီးထားသော ရိုမေးနီးယား သတင်းစာဆရာသုံးဦးကို သတ်ပစ်မည်ဟု အီရတ်လက်နက်ကိုင်များက ခြိမ်းခြောက်ထားကြောင်း အယ်ဂျာဇီရာ ရုပ်မြင်သံကြားသတင်းဌာနက သောကြာနေ့တွင် ထုတ်လွှင့်သွားသည်။

အဆိုပါ ရိုမေးနီးယား ဓားစာခံသတင်းဆရာသုံးဦးကို သတ်ပစ်မည်ဟု ခြိမ်းခြောက်ရာတွင် အီရတ်ရှိ ရိုမေးနီးယားတပ်ဖွဲ့ဝင်များအား ရိုမေးနီးယားအစိုးရက ပြန်လည်မရုပ်သိမ်းလျှင် သတ်ပစ်ခြင်းခံရမည်ဟု အီရတ်လက်နက်ကိုင်များက ပြောကြားထားကြောင်း အယ်ဂျာဇီရာရုပ်မြင်သံကြား သတင်းဌာနက ဖော်ပြသည်။

သတ်ပစ်မည်

ရိုမေးနီးယားအစိုးရအနေဖြင့် အီရတ်ရှိ ရိုမေးနီးယားတပ်ဖွဲ့ဝင်များကို ရုပ်သိမ်းရန် လေးရက်အတွင်း အကြောင်းပြန်ရမည်ဖြစ်ကြောင်း၊ သို့မဟုတ်ပါက ဓားစာခံများကို သတ်ပစ်မည်ဖြစ်ကြောင်း အီရတ်လက်နက်ကိုင်များက ဗီဒီယိုတိပ်ခွေတွင် ပြောကြားထားသည်ဟု အရာဘစ် ရုပ်မြင်သံကြားသတင်းဌာနကလည်း ပြောကြားသည်။

ဖမ်းဆီးခဲ့

အီရတ်နိုင်ငံတွင် ယခုအချိန်အထိ ရိုမေးနီးယားတပ်ဖွဲ့ဝင် ၇၃၀ တပ်ဖြန့်ချထားလျက်ရှိကြောင်း သိရသည်။ အဆိုပါရိုမေးနီးယား ဓားစာခံသုံးဦးတွင် နှစ်ဦးမှာ အမျိုးသားဖြစ်ပြီးတစ်ဦးမှာ အမျိုးသမီးဖြစ်သည်။ ယင်းတို့သုံးဦးသည် ပြီးခဲ့သည့် မတ်လ ၂၈ ရက်က ဘဂ္ဂဒက်မြို့တွင် အီရတ်လက်နက်ကိုင်များက ဓားစာခံအဖြစ် ဖမ်းဆီးသွားခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ကယ်ကွတ်မြို့ အနောက်ဘက်ရှိ ဘေဟာဆမ်အရပ်တွင် တိုက်ခိုက်ခံရမှုကြောင့် ရေနံပိုက်လိုင်း မီးလောင်နေသည်ကို ဧပြီ ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



မိုဆူးလ်၌ သေနတ်သမားတစ်ဦးပစ်ခတ် အေပီ ဓာတ်ပုံသတင်းထောက်တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၆

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် သေနတ်သမားတစ်ဦး ပစ်ခတ်မှုကြောင့် အေပီသတင်းဌာနမှ ဓာတ်ပုံသတင်းထောက်တစ်ဦး စနေနေ့က သေဆုံးသွားကြောင်း၊ ထို့အပြင် အခြားဓာတ်ပုံသတင်းထောက်တစ်ဦးလည်း ဒဏ်ရာရရှိသွားကြောင်း အေပီသတင်းဌာနက ဖော်ပြ သည်။

ယင်းကဲ့သို့သေဆုံးဒဏ်ရာရသွားသော အေပီသတင်းဌာန သတင်းထောက်နှစ်ဦးမှာ အေပီသတင်းဌာနမှ ရုပ်မြင်သံကြား ကင်မရာရိုက်ကူးသူ ဆလတ်အီဘရာဟင်နှင့် ဓာတ်ပုံဆရာ မိုဟာမက်အီဘရာဟင်တို့ဖြစ်ကြောင်း သိရသည်။ ထိုဓာတ်ပုံသတင်းထောက်နှစ်ဦးသည် မိုဆူးလ်မြို့တွင် ဖြစ်ပွားသော ဗုံးပေါက်ကွဲမှုတစ်ရပ်နှင့် ပတ်သက်၍ သတင်းရယူဖော်ပြရန် သွားရောက်ခဲ့ကြသူများဖြစ်သည်။

အဆိုပါ ပစ်ခတ်ခံရမှုဖြစ်ပွားပြီးနောက် အီဘရာဟင်အား ဆေးရုံသို့ ပို့ဆောင်ကုသခဲ့ကြောင်း၊ သေနတ်ဒဏ်ရာသုံးချက်ရရှိခဲ့သော အီဘရာဟင်သည် ဆေးရုံရောက်ပြီး မကြာမီသေဆုံးသွားခဲ့ကြောင်း၊ ယင်းသည် ကလေးငါးယောက်၏ဖခင်တစ်ဦးဖြစ်ကြောင်း သိရသည်။

မိုဟာမက်အီဘရာဟင်မှာ ဦးခေါင်းနောက်ဘက်တွင် ရရှိသော ဒဏ်ရာကြောင့် ဆေးရုံတွင် ဆေးကုသမှုခံယူနေရကြောင်း အေပီသတင်းဌာနက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ



အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် မြစ်ကြီးနားမြို့ အထွေထွေရောဂါကုဆေးရုံကြီး ခွဲစိတ်ဆောင်သစ် တည်ဆောက်ရေးအတွက် အခြေခံမြေကြီးလုပ်ငန်း တူးဖော်ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိပါးမှုရှိလာပါက တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ခုခံဆန့်ကျင်တိုက်ခိုက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုတာဝန်သည် နိုင်ငံသားတိုင်း၏ မွေးရာပါတာဝန်တစ်ရပ်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

နောက်တာဝန်တစ်ရပ်မှာ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည့် တာဝန်ဖြစ်ပြီး နိုင်ငံတော်အစိုးရက ချမှတ်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ အကောင်အထည်ပေါ်အောင် မိမိနှင့် သက်ဆိုင်သည့် ကဏ္ဍမှ ပါဝင်လှုပ်ရှားဆောင်ရွက်ကြရန် ဖြစ်ကြောင်း။

ခေတ်နောက်ကျကျန်ခဲ့

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများတွင် တစ်ချိန်က ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ကြောင်း၊ သို့ရာတွင် လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားခဲ့သည့် လက်နက်ကိုင်ဆူပူမှုများကြောင့် နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိဘဲ အိမ်နီးချင်းနိုင်ငံများနှင့် ယှဉ်ကြည့်ပါက ခေတ်နောက်ကျကျန်ခဲ့ကြောင်း။

မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး၊ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေးဆိုသည့် နိုင်ငံရေးဦးတည်ချက်(၄)ရပ်ကို ချမှတ်ပြီး တစိုက်မတ်မတ် အောင်မြင်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ လွတ်လပ်ရေးရပြီးကတည်းက ဖြစ်ပွားခဲ့သော တိုင်းရင်းသားအချင်းချင်း လက်နက်ကိုင်တိုက်ခိုက်နေမှုများ ချုပ်ငြိမ်းအောင် မိမိတို့ကြိုးစားဆောင်ရွက်ခဲ့ကြောင်း။

ထိုသို့ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုရှိလာသည်နှင့်အမျှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဇောက်ချဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရန်မှာ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျကြောင်း၊ စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရန် အရင်းအနှီးရော အတတ်ပညာပါ လိုအပ်ကြောင်း။

စီမံဆောင်ရွက်

ထို့ကြောင့် မိမိတို့နိုင်ငံ၏ ရေ၊မြေ၊ ရာသီဥတုအခြေအနေအရ စိုက်ပျိုးရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရင်း တစ်ဖက်ကလည်း တိုးတက်လာသည့် လူဦးရေအတွက် ဝဝလင်လင်စားသုံးနိုင်အောင်နှင့် တစ်ဖက်ကပိုလျှံသည်တို့ကို အရင်းအနှီးအဖြစ်စုဆောင်းအသုံးပြုနိုင်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း။

စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရန် စိုက်ဧကတိုးချဲ့ခြင်း၊ သီးထပ်သီးညှပ်စိုက်ပျိုးခြင်း၊ မျိုးကောင်းမျိုးသန့် အသုံးပြုခြင်း၊ ခေတ်မီစိုက်ပျိုးရေး နည်းစနစ်များအသုံးပြုခြင်းတို့ကို မဖြစ်မနေလုပ်ကိုင်ကြရန်လိုကြောင်း။

ယခုအခါ နိုင်ငံတစ်ဝန်းလုံးတွင် စက်မှုဇုန် ၁၉ခုအထိ တည်ထောင်လာနိုင်ပြီး နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်စက်ရုံများလည်း တိုးချဲ့တည်ဆောက်ထူထောင်လာနိုင်ပြီဖြစ်ကြောင်း၊ ပြည်ပမှ အရင်းအနှီးများ ဖိတ်ခေါ်ဆောင်ရွက်ရေးမှာ အဖျက်အမှောင့်များကြောင့် နှောင့်နှေးမှုများ တွေ့ကြုံရကြောင်း။

အထိုက်အလျောက်တိုးတက်

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံ၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု(GDP)တိုးတက်မှု၊ လူတစ်ဦးချင်းဝင်ငွေတိုးတက်မှုနှင့် ငွေကြေးဖောင်းပွမှုနှုန်းတို့ဖြင့် တိုင်းတာကြောင်း၊ ယနေ့မိမိတို့နိုင်ငံအနေဖြင့် အဆိုပါအချက်သုံးချက်လုံးတွင် အခြေအနေကောင်းများ ရရှိနေသဖြင့် ပြည်သူများ၏ လူနေမှုအဆင့်အတန်းသည်လည်း အထိုက်အလျောက် တိုးတက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံအဖြစ် ချောချောမွေ့မွေ့ကူးပြောင်းရောက်ရှိရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်ဖြစ်သည့် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွန်းရေးအတွက် အမျိုးသားညီလာခံကို ကျင်းပလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ရှိခဲ့ဖူးသော ၁၉၄၇ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့မှာ ခေတ်စနစ်နှင့် အံမဝင်တော့သဖြင့် ဒီမိုကရေစီကူးပြောင်းရန် အခြေခံဥပဒေသစ်တစ်ရပ် ရေးဆွဲရေးကို ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း။

စိတ်တူကိုယ်တူညှိနှိုင်း

ထို့ကြောင့် အမျိုးသားညီလာခံကို ၁၉၉၃ခုနှစ်က စတင်ကျင်းပခဲ့ပြီး ၁၉၉၆ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံမူ ၁၀၄ချက်ကို ချမှတ်နိုင်ခဲ့ကြောင်း၊ အမျိုးသားညီလာခံကို ၂၀၀၄ခုနှစ် မေ ၁၇ရက်မှ ဇူလိုင်၉ရက်အထိလည်းကောင်း၊ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၇ရက်မှ မတ်၃၁ရက်အထိလည်းကောင်း ပြန်လည်ကျင်းပခဲ့ပြီး နိုင်ငံတော်အာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ညီလာခံကိုယ်စားလှယ်များ စိတ်တူကိုယ်တူ ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း။

အဆိုပါ ညီလာခံများတွင် ပြည်ထောင်စုအတွက် အလွန်အရေးကြီးသည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက်လည်း ဆွေးနွေးထားပြီးဖြစ်ကြောင်း၊ အမျိုးသားညီလာခံကို ညီလာခံ ကိုယ်စားလှယ်ကြီးများ၏ စီးပွားရေးလုပ်ငန်းများကို မထိခိုက်စေရန်နှင့် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့က ဆောင်ရွက်ဖွယ်ရှိသည်များကို ဆောင်ရွက်နိုင်ရန် ၂၀၀၅ခုနှစ် နှစ်ကုန်ပိုင်းလောက်တွင် ပြန်လည်ကျင်းပဆောင်ရွက်သွားမှာဖြစ်ကြောင်း။

တိုက်တွန်းမှာကြား

အမျိုးသားညီလာခံတွင် အစုအဖွဲ့ရှစ်ဖွဲ့၊ ညီလာခံကိုယ်စားလှယ်ပေါင်း တစ်ထောင်ကျော် တက်ရောက်အကြံပြုဆွေးနွေးလျက်ရှိရာတွင် ပြည်နယ်၊ တိုင်းအသီးသီးကို ကိုယ်စားပြုသည့် တိုင်းရင်းသားကိုယ်စားလှယ် ၆ဝရာခိုင်နှုန်းကျော် ပါဝင်လျက်ရှိကြောင်း၊ အမျိုးသားညီလာခံက အခြေခံဥပဒေသစ်အတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်ပြီးပါက ချမှတ်ထားသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အောင်မြင်မှုရရှိအောင် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက မိမိတို့ကျရာကဏ္ဍမှ တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်းကြရန် တိုက်တွန်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသနေပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ညနေ ၄နာရီတွင် မြစ်ကြီးနားမြို့အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ခေတ္တဆေးရုံအုပ်ကြီးမီးယပ်နှင့်သားဖွားအထူးကုဆရာဝန်ကြီး ဒေါက်တာကိုကိုလေး၊ အရိုးရောဂါအထူးကုဆရာဝန်ကြီးဒေါက်တာနေဝင်းမြင့်နှင့်ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဆေးရုံကြီးအစည်းအဝေးခန်းမ၌ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များအား ခေတ္တဆေးရုံအုပ်ကြီး ဒေါက်တာကိုကိုလေးက မြစ်ကြီးနားမြို့ အထွေထွေရောဂါကုဆေးရုံကြီး၏ နောက်ခံသမိုင်းနှင့်တိုးတက်လာမှုအခြေအနေ၊ လက်ရှိတွင် ဆေးရုံကြီးအနေဖြင့် ပြည်သူများအား ကျန်းမာရေးပြုစုစောင့်ရှောက်ကုသမှုနှင့်ဆေးပညာသင်ယူနေကြသော သင်တန်းသားဆရာဝန်လောင်းလျာများအား ဆေးပညာသင်ကြားပို့ချနေမှု၊ ဓာတ်မှန်နှင့် ဓာတ်ခွဲခန်းကျွမ်းကျင်သူများမွေးထုတ်သင်ကြားပို့ချနေမှုနှင့်ဆေးရုံကြီးတွင် တိုးချဲ့ရန် လိုအပ်လာသည့် ခွဲစိတ်ဆောင်သစ်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးက ခွဲစိတ်ဆောင်သစ်ကြီးအတွက် ဝန်ကြီးဌာနမှ ရန်ပုံငွေခွဲဝေပေးထားမှုအခြေအနေများနှင့်လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အချိန်မီပြီးစီးရေး

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များကို အောင်မြင်အောင်ဆောင်ရွက်ကြရေး၊ ဆေးဝါးကုသရေးနှင့်အတူ ပြည်သူတို့အား ကျန်းမာရေးအသိပညာပေးရေးကိုပါ တိုးတက်မြှင့်တင်ဆောင်ရွက်သွားကြရေး၊ နိုင်ငံတော်က သတ်မှတ်ထားသော အဖြစ်များသည့် ရောဂါခြောက်မျိုးအတွက် ကြိုတင်ကာကွယ်ရေးနှင့် ကုသရေးတို့ကို အလေးထား ဆောင်ရွက်ကြရေး၊ ပြည်သူတို့ကျန်းမာစွာ အသက်ရှည်၍ သက်တမ်းစေ့နေနိုင်ရေးအတွက် လိုအပ်သော ကျန်းမာရေးပညာပေးမှုများကို တိုးတက်မြှင့်တင်ဆောင်ရွက်သွားရေး၊ ဆေးရုံကြီးတွင် ထပ်မံတည်ဆောက်နေသည့် ခွဲစိတ်ဆောင်သစ်ကြီးကို သတ်မှတ်ထားသော စံချိန်စံညွှန်းအရည်အသွေး ပြည့်မီရေးနှင့် သတ်မှတ်ချိန်အမီပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ဆေးရုံကြီး ခွဲစိတ်ဆောင်သစ်အခြေခံမြေကြီးလုပ်ငန်းတူးဖော်ပြီးစီးနေမှုနှင့်ဆက်လက်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ ခွဲစိတ်ဆောင်သစ်မှာ အလျားပေ၉၀၊ အနံ၅၄ပေနှင့် အမြင့် ၂၈ပေရှိ သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ယင်းအဆောက်အအုံ၌ ခွဲစိတ်ခန်းကြီးသုံးခန်းပါဝင်မည်ဖြစ်သည်။ ထိုအဆောက်အအုံကို တည်ဆောက်မှုကာလရှစ်လအတွင်း အပြီးတည်ဆောက်မည်ဟု သိရှိရသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့အထွေထွေရောဂါကုဆေးရုံကြီးမှ ပြန်လည်ထွက်ခွာကြပြီး မြစ်ကြီးနားမြို့၌ ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

နိုင်ငံသားတိုင်း၏မွေးရာပါတာဝန်

- ❑ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးတစ်ရာကျော် ပေါင်းစည်းနေထိုင်ကြသည့်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်း ၁၄ ခုသည် လူမျိုးများပေါင်းစည်းနေထိုင်သည့် ပြည်ထောင်စုငယ်များပင်ဖြစ်ရာ တိုင်းရင်းသားများအတွင်း အစဉ်ထာဝရ စည်းလုံးညီညွတ်အောင် ဆောင်ရွက်ကြရမည်ဖြစ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့်ပင် မိမိနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်သွားကြရမည်၊
- ❑ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိပါးမှုရှိလာ ပါက တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ခုခံဆန့်ကျင်တိုက်ခိုက်သွားကြရမည်၊
- ❑ ထိုတာဝန်သည် နိုင်ငံသားတိုင်း၏ မွေးရာပါ တာဝန်တစ်ရပ်ပင်ဖြစ်၏။

သီတဂူဆရာတော်တရားပွဲ

ရန်ကုန် မေ ၂၇

သီတဂူဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာအရှင်ဉာဏိဿရ(D.Litt)၏ တရားပွဲကို မေ၂၈ရက် ည ၇ နာရီတွင် မဟာသိမ်တော်ကြီးမွှာရုံတွင် ကျင်းပ၍ နိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသော ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တကုမာရမဟာထေရ်မြတ်နှင့်မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ မဟာသိမ်တော်ကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌ သီတဂူဦးဟန်တို့အား ဂုဏ်ပြုပွဲကို ကြိုဆိုသောအားဖြင့် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ **(၃၅၂)**

သမထဝိပဿနာ တရားပွဲများကျင်းပမည်

ရန်ကုန် မေ ၂၇

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာတရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိက ဓဇ ဦးသန်းရွှေ(ဒလ-အံ့ကြီး)နှင့်အဖွဲ့က ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်အနီး အာဇာနည်လမ်းရှိ ရှင်သာမဏေဓမ္မဗိမာန်၌ မေ၂ရက်မှ ၈ရက်အထိ ညနေ၅နာရီမှ ၆နာရီခွဲအထိလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် သိမ်တောင်ပထမပြန်ပရိယတ္တိစာသင်တိုက်၌ မေ၁၀ရက်မှ ၁၆ရက်အထိလည်းကောင်း ခုနစ်ရက်တရားစခန်းများဖွင့်လှစ်၍ ဟောပြောပို့ချမည်ဖြစ်သည်။ မည်သူမဆို စခန်းဝင် တရားအားထုတ်နိုင်ကြောင်းနှင့် ဖုန်း-၀၈၁-၅၀၂၉၉နှင့် ဖုန်း-၅၀၀၇၇ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

SANYO Showroom ဖွင့်ပွဲအခမ်းအနား ကျင်းပ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရန်ကုန် ဧပြီ ၂၇

OK Myanmar Co., Ltd.၏ SANYO Showroom ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း အမှတ် ၂၀၁/၂၀၃ရှိ အဆိုပါ Showroom ရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ OK Myanmar Co., Ltd.နှင့် SANYO Electronic Corporation Japan Head Officeတို့မှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ OK Myanmar Co., Ltd.မန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်လှိုင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး SANYO Electronic Corporation Japan Head Office မှ Managing Director, Mr.Kojimori က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် OK Myanmar Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်လှိုင်နှင့် SANYO Electronic Corporation Japan Head Office မှ Managing Director, Mr.Kojimori တို့ကဖဲကြိုးဖြတ်၍ SANYO Showroom ကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် SANYO Showroom အတွင်း လှည့်လည်ကြည့်ရှုအားပေးကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

OK Myanmar Co.,Ltd.သည် ဂျပန်နိုင်ငံ SANYO Electronic Corporation မှ ထုတ်လုပ်သော SANYO Electronic ပစ္စည်းအမျိုးမျိုးကို မြန်မာနိုင်ငံ ဈေးကွက်တွင် ဖြန့်ဖြူးသည့် ကုမ္ပဏီဖြစ်ပြီး SANYO လျှပ်စစ်ပစ္စည်း သုံးစွဲသူများအား ပစ္စည်းအရည်အသွေးများနှင့်ပတ်သက်၍ စနစ်တကျ ရှင်းလင်းတင်ပြနိုင်ရန်နှင့် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ယခုကဲ့သို့ အဆင့်မြင့် Showroom ကို ဖွင့်လှစ်ရခြင်းဖြစ်သည်။



ဆက်သွယ်ဝယ်ယူနိုင်

အဆိုပါ ကုမ္ပဏီမှ SANYO လေအေးပေးစက်များ၊ ရေခဲသေတ္တာအမျိုးမျိုး၊ အဝတ်လျှော်စက်များ၊ Digital Camera များနှင့် LCD Projector များကို ဖြန့်ဖြူးရောင်းချလျက်ရှိပြီး Showroom ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ဧပြီ၂၇၊ ၂၈နှင့် ၂၉ရက်များတွင် SANYO လျှပ်စစ်ပစ္စည်းအမျိုးမျိုးကို မေတ္တာလက်ဆောင်များနှင့်အတူ အထူးလျှော့ဈေးဖြင့် ရောင်းချပေးမည်ဖြစ်ရာ ဖုန်း-၅၄၄၄၆၄၊ ၅၄၄၄၆၅နှင့် ၂၄၁၀၇၇တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

OK Myanmar Co.,Ltd. ၏ SANYO Showroom ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း အမှတ် ၂၀၁/၂၀၃ ရှိ အဆိုပါ Showroom ရှေ့၌ ကျင်းပရာ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်လှိုင်နှင့် SANYO Electronic Corporation Japan Head Officeမှ Managing Director, Mr. Kojimori တို့က SANYO Showroom ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

လှည့်လည်ကြည့်ရှု

OK Myanmar Co.,Ltd.၏ SANYO Showroom ဖွင့်ပွဲအခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများ အရောင်းပြခန်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။

(သတင်းစဉ်)

တိမ်ဖြစ်ထွန်းမည်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးတိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ(၂၀၀၅)ကျင်းပ၊ တိုင်းမှူးဗိုလ်ချုပ်ရဲမြင့် တက်ရောက်

ရန်ကုန် ဧပြီ ၂၇

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ မန္တလေးတိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ (၂၀၀၅)ကို ဧပြီ၂၆ရက် နံနက်၁၁နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမျိုးသားကဇာတ်ရုံ၌ ကျင်းပရာ အကြိုညီလာခံ(၂၀၀၅)သို့ မန္တလေးတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဂုဏ်ထူးဆောင်နာယက မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုစည်းရုံးရေးကော်မတီဝင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် စည်းရုံးရေးလုပ်ငန်းအဖွဲ့(၁၁)ခေါင်းဆောင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ မန္တလေးတိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့(စည်ပင်ပြင်ပ)ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်သိန်းနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အကြိုညီလာခံ ပထမပိုင်းတွင် သဘာပတိအဖြစ် မန္တလေးတိုင်းစစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဂုဏ်ထူးဆောင်နာယက မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ဆောင်ရွက်သည်။

အကြိုညီလာခံတွင် အခမ်းအနားမှူးအဖြစ် နယ်မြေခံဆေးတပ်ရင်းမှ ဗိုလ်ကြီးဒေါ်မိုးမိုးတင်ကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယဗိုလ်ဒေါ်မေနွယ်ထွန်းကလည်းကောင်း ဆောင်ရွက်ကြပြီး အခမ်းအနားမှူးက ညီလာခံအစီအစဉ်များကို ကြေညာကာ ညီလာခံသို့ ကိုယ်စားလှယ်တက်ရောက်မှုမှာ ၉၉ဒသမ ၄ရာခိုင်နှုန်းရှိသဖြင့် အကြိုညီလာခံအထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အကြိုညီလာခံ စတင်ကြောင်းကြေညာသည်။

ထို့နောက် သဘာပတိ မန္တလေးတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဂုဏ်ထူးဆောင်နာယက တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အဖွင့်အမှာစကား ပြောကြားပြီး အကြိုညီလာခံ(၂၀၀၅) ပထမပိုင်းကို ခေတ္တရပ်နားသည်။

ယင်းနောက် အကြိုညီလာခံ ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ဒုတိယဗိုလ်မှူးကြီး အောင်စိုး(အငြိမ်းစား)က လည်းကောင်း၊ သဘာပတိအဖွဲ့ဝင်များအဖြစ် ဒုတိယဗိုလ်မှူးကြီးကြည်ထွန်း (အငြိမ်းစား)နှင့် ဗိုလ်မှူးကျင်လင်း (အငြိမ်းစား)တို့က လည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိ ဒုတိယဗိုလ်မှူးကြီးအောင်စိုး(အငြိမ်းစား)က သဘာပတိ အဖွင့်အမှာစကားပြောကြားသည်။

ဖတ်ကြားတင်ပြ

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ မန္တလေးတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ အစီရင်ခံစာကို ဒုတိယဗိုလ်မှူးကြီးသန်းထွန်း(အငြိမ်းစား)နှင့် ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း(အငြိမ်းစား)တို့က အပိုင်းအလိုက် အသီးသီး ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ မန္တလေးတိုင်းစစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ(၂၀၀၅)သို့ တင်သွင်းသည့် အစီရင်ခံစာပါ လုပ်ငန်းကဏ္ဍကြီး ငါးရပ်မှ အမျိုးသားနိုင်ငံရေးကဏ္ဍကို ဗိုလ်ကြီးအောင်မိုးကြည်(ငြိမ်း)က လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍကို ဗိုလ်ကြီးဘိုရွှေ(ငြိမ်း)လည်းကောင်း၊ စီးပွားရေးကဏ္ဍကို ဗိုလ်မှူးအောင်စိုး(ငြိမ်း)က လည်းကောင်း၊ လူမှုရေးနှင့် သက်သာချောင်ချိရေးလုပ်ငန်းကဏ္ဍကို ဗိုလ်ကြီးနေလင်း(ငြိမ်း)က လည်းကောင်း၊ ပြည်သူ့အကျိုးပြု လုပ်ငန်းကဏ္ဍကို ဗိုလ်မှူးမောင်မောင်လွင်(ငြိမ်း)က လည်းကောင်း အသီးသီး ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မန္တလေးတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ(၂၀၀၅)က ချမှတ်မည့် ရှေ့လုပ်ငန်းစဉ်ငါးရပ်နှင့် ဆုံးဖြတ်ချက်များကို သဘာပတိက အကြိုညီလာခံသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များ၏သဘောတူညီချက်ကို ရယူကာ အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အခမ်းအနားမှူးက မန္တလေးတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ(၂၀၀၅)မှ ဆုံးဖြတ်ချက်နှစ်ရပ်၊ အတည်ပြုချက်တစ်ရပ်၊ မှတ်တမ်းတင်ခြင်း ခြောက်ရပ်တို့ကို ဖတ်ကြားကြေညာသည်။

ထို့နောက် သဘာပတိ ဒုတိယဗိုလ်မှူးကြီးအောင်စိုး(ငြိမ်း)က နိဂုံးချုပ်အမှာစကားပြောကြား၍ အကြိုညီလာခံ ကိုယ်စားလှယ်များက ကြွေးကြော်သံများ တစ်ခဲနက်ကြွေးကြော်ကြပြီး မန္တလေးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ(၂၀၀၅)ကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၈-၄-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၅ ၇။ အကပဒေသာ
- ၈:၁၅ ၈။ အရေးပြိုင်ပွဲ
- ၈:၂၅ ၉။ လမူးတံတား
- ၈:၃၀ ၁၀။ International News
- ၈:၄၅ ၁၁။ Happy and Educational English Summer Course MRTV
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) [ရုက္ခဗေဒ]
- ၁၇:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၁၇:၃၀ ၇။ အဆိုပြိုင်ပွဲ
- ၁၇:၃၅ ၈။ မြန်မာစာ မြန်မာစကား
- ၁၇:၅၀ ၉။ လက်ဆင့်ကမ်းပေးဂီတတေး
- ၁၈:၀၀ ၁၀။ **“မနိုင်သောအရှုံး”** ဟက်ကက်၊ ဇင်ရဲထက်၊ ခိုင်သင်းကြည် (ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး)
- ၁၈:၁၀ ၁၁။ တေးဂီတအစီအစဉ်
- ၁၈:၂၀ ၁၂။ နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်
- ၁၈:၃၀ ၁၃။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်သောညီမ”** (အပိုင်း-၂၅)
- ၁၉:၃၀ ၁၆။ တေးဂီတအစီအစဉ်
- ၁၉:၄၅ ၁၇။ ကြည်နူးချမ်းမြေ့ပျော်ရွှင်အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်) [အပိုင်း-၂]
- ၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ရာမာယဏဇာတ်တော်ကြီးပြိုင်ပွဲ (ဒုတိယပိုင်း) [တတိယဆု] (ဧရာဝတီတိုင်း)
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကွန်ချောင်းရေလှောင်တမံ ကမ္ဗည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

✡ ***ရှေ့ဖုံးမှ***

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)မှ တာဝန်ရှိသူများ၊ ကြံခင်းမြို့နယ်နှင့် မြန်အောင်မြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကြံခင်းမြို့နယ်နှင့် မြန်အောင်မြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးတို့မှ အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာ၊ ပန်းဖွား၊ မင်္ဂလာစည်တော်နှင့် အကအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုးချဲ့စိုက်ပျိုးနိုင်

အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် ကွန်ချောင်းရေလှောင်တမံသည် မြန်မာနိုင်ငံ၏စပါးကျီဟု သတ်မှတ်ခြင်းခံရသည့် ဧရာဝတီတိုင်း၏ စိုက်ပျိုးရေးစွမ်းအားကို ထပ်ဆင့်မြှင့်တင်ပေးမည့် ရေလှောင်တမံ

တစ်ခုဖြစ်ကြောင်း၊ ကွန်ချောင်းရေလှောင်တမံ၏ အကျိုးပြုမှုကြောင့် ကြံခင်းမြို့နယ်နှင့် မြန်အောင်မြို့နယ်မှာရှိသည့် စိုက်ပျိုးမြေဧက ၂၀၀၀၀သည် ဆောင်းသီးနှံနှင့် နွေစပါးသီးနှံများကို သီးထပ်အဖြစ် တိုးချဲ့စိုက်ပျိုးနိုင်မှာဖြစ်ကြောင်း။

နိုင်ငံတော်၏ ပင်မအခြေခံကျသည့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေခြင်းမှာ နိုင်ငံတော်တစ်ရပ်လုံး၏ စီးပွားရေးအင်အားကို တောင့်တင်းခိုင်မာစေမှာဖြစ်သကဲ့သို့ ကျေးလက်နေပြည်သူများ၊ တောင်သူလယ်သမားများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ အခြေအနေများကိုလည်း ဟန်ချက်ညီညီ တိုးတက်လာစေမှာဖြစ်ကြောင်း။

တစိုက်မတ်မတ်အားပေး

ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရသည် စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်ပေးရင်း တောင်သူလယ်သမားများ ဝင်ငွေတိုးပွားရေးအတွက် ယခုကဲ့သို့ ရေလှောင်တမံများ၊ ရေလွှဲဆည်များ၊ ရေထိန်းတံခါးများ၊ ရေသွင်းရေထုတ်မြောင်းကြီးများ၊ မြစ်ရေတင်စီမံကိန်းများကို တည်ဆောက်ပေးနေသကဲ့သို့ စိုက်ပျိုးမြေဧရိယာတိုးချဲ့ရေး၊ သီးနှံအလိုက် တစ်ဧကအထွက်နှုန်းတိုးတက်ရေး၊ သီးထပ်တိုးချဲ့စိုက်ပျိုးရေး၊ လယ်ယာလုပ်ငန်းခွင် လယ်ယာသုံးစက်ကိရိယာများ တိုးချဲ့သုံးစွဲရေးတို့ကို တစိုက်မတ်မတ် အားပေးနေခြင်းဖြစ်ကြောင်း။

မိုးများပြီး မြစ်များ၊ ချောင်းများ များပြားလာသည့် ဧရာဝတီတိုင်းမှာဆိုလျှင်လည်း မိုးတွင်းမှာ ရေများ၊ ရေလျှံပြီး နွေကာလမှာ ရေရှားတတ်ခြင်းကြောင့် ယခု ကွန်ချောင်းရေလှောင်တမံအပြင် နန်ကသူရေလှောင်တမံနှင့် ရေလွှဲဆည်၊ ပန်းလှိုင်ရေထိန်းတံခါး၊ မဲဇလီရေထိန်းတံခါး၊ ဝါးတောရေထိန်းတံခါး၊ ထနီးရေထိန်းတံခါးစသည့် ပင်လယ်ရေငန် ဝင်ရောက်မှုအပါအဝင် ရေစီးရေလာထိန်းသိမ်းနိုင်သည့်ရေထိန်းတံခါးများကိုလည်း တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ အလားတူပင် မြစ်ရေတင်စီမံကိန်းများနှင့် မိုင်ပေါင်းများစွာ ရှည်လျားလှသည့် ရေသွင်းရေနုတ်မြောင်းကြီးများကိုလည်း တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊

စာမျက်နှာ ၈ သို့

စိုက်စွမ်းအားကို ထပ်ဆင့်မြှင့်တင်မည့် ကွန်ချောင်းရေလှောင်တမံ

- ❑ ကွန်ချောင်းရေလှောင်တမံသည် မြန်မာနိုင်ငံ၏ စပါးကျီဟု သတ်မှတ်ခြင်းခံရသည့် ဧရာဝတီတိုင်း၏ စိုက်ပျိုးရေးစွမ်းအားကို ထပ်ဆင့်မြှင့်တင်ပေးမည့် ရေလှောင်တမံတစ်ခုဖြစ်၊
- ❑ ရေလှောင်တမံ၏ အကျိုးပြုမှုကြောင့် ကြံခင်းမြို့နယ်နှင့် မြန်အောင်မြို့နယ်၌ရှိသည့် စိုက်ပျိုးမြေဧက ၂၀၀၀၀ သည် ဆောင်းသီးနှံနှင့် နွေစပါးသီးနှံများကို သီးထပ်အဖြစ် တိုးချဲ့စိုက်ပျိုးနိုင်၊
- ❑ ယခင်က မိုးစပါးပြီးလျှင် နွေစပါးဆိုသည့် စပါးသီးထပ်ကို မည်ကာမတ္တ အနည်းငယ်သာ စိုက်ပျိုးခဲ့သည့် ဧရာဝတီတိုင်းသည် နွေစပါး ဧက ၁၇ သိန်းခန့် စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးထုတ်လုပ်နေ၊
- ❑ တစ်နိုင်ငံလုံး၏ နွေစပါးစိုက်ဧရိယာ ထက်ဝက်ကျော်ကို ဧရာဝတီတိုင်းတွင် စိုက်နေခြင်းပင်ဖြစ်၊
- ❑ ယခုရေလှောင်တမံက အကျိုးပြုမည့်ကျေးရွာအုပ်စု (၂၁)ခုတည်ရှိသည့် ဤဒေသတွင် မူလက မူရင်းသီးနှံအနေဖြင့် မိုးစပါးကိုဧက ၂၁၀၀၀ ကျော် စိုက်ပျိုးကြကြောင်း၊ ဆက်လက်ပြီးသီးထပ်အဖြစ် နွေစပါးဧက ၂၇၀၀ အပါအဝင် ပဲမျိုးစုံကို ဧက၉၃၀၀ကျော်စိုက်ပျိုးကြသည့်အတွက် စုစုပေါင်း သီးနှံစိုက်ဧရိယာမှာ ဧက၃၃၀၀၀ကျော်ရှိပြီး သီးနှံစိုက်စွမ်းအားမှာ ၁၅၆ ဒသမ ၄၂ ရာခိုင်နှုန်းရှိ၊
- ❑ ရေလှောင်တမံကြီးတည်ဆောက်ပြီးစီးသွား၍ မူရင်းသီးနှံမိုးစပါးကို ဧက ၂၁၀၀၀ ကျော်အပြင် သီးထပ်အဖြစ် နွေစပါးဧက ၁၆၀၀၀ နှင့် ပဲမျိုးစုံဧက ၅၃၅၀ တို့ကို စိုက်ပျိုးလာနိုင်မည်ဖြစ်၍ စုစုပေါင်းသီးနှံစိုက်ဧက ၄၂၀၀၀ကျော်အထိ ရှိလာမည်ဖြစ်ပြီး သီးနှံစိုက်စွမ်းအားကို ၂၀၀ရာခိုင်နှုန်းအထိ အကျိုးခံစားရတော့မည်။



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)မှ တာဝန်ယူတည်ဆောက်ခဲ့သည့် ကွန်ချောင်းရေလှောင်တမံ ရေထုတ်ပြွန်မှ အနီးပတ်ဝန်းကျင်ကျေးရွာအချို့အတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်သည့် စက်နှစ်လုံးကို တွေ့ရစဉ်။

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)က တာဝန်ယူတည်ဆောက် ပြီးစီးသွားသည့် ဧရာဝတီတိုင်း ကြံခင်းမြို့နယ်ရှိ ကွန်ချောင်းရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇မှ

ယင်းဒေသပတ်ဝန်းကျင်မှာဆိုလျှင် တည်ဆောက်နေဆဲ မမြရေလှောင်တမံစီမံကိန်း၊ ကညင်ရေလှောင်တမံစီမံကိန်းနှင့် မြစ်ရေတင်စီမံကိန်းများအဖြစ် ကဗွန်းခုံ၊ ငပိဆိပ်နှင့် မြို့ကွင်းစီမံကိန်းတို့ကို အစီအရီ တွေ့မြင်နေကြရပြီဖြစ်ကြောင်း။

ဤသို့ ဆည်တမံလုပ်ငန်းနှင့် မြစ်ရေတင်လုပ်ငန်းများကို ရေများ၊ ရေကြီးသည့် ဧရာဝတီတိုင်းလို နယ်မြေမှာ တည်ဆောက်ပေးခဲ့သည့်အတွက် နွေကာလတွင် စိုက်ပျိုးရေရရှိရန် သေချာသွားပြီး သီးထပ်စိုက်ပျိုးရေးသည်လည်း အောင်မြင်ဖြစ်ထွန်းလာခဲ့ပြီ ဖြစ်ကြောင်း၊ ယခင်က မိုးစပါးပြီးလျှင် နွေစပါးဆိုသည့် စပါးသီးထပ်ကို မည်ကာမတ္တ အနည်းငယ်သာ စိုက်ပျိုးခဲ့သည့် ဧရာဝတီတိုင်းသည် နွေစပါးကို ဧက ၁၇ သိန်းခန့် စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးထုတ်လုပ်နေပြီဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး၏ နွေစပါးစိုက် ဧရိယာထက်ဝက်ကျော်ကို ဧရာဝတီတိုင်းတွင် စိုက်နေခြင်းပင်ဖြစ်ကြောင်း။

ဆက်လက်အားထုတ်ကြိုးပမ်း

အလားတူ မိုးစပါးကိုကြည့်မည်ဆိုလျှင် ယခင်တုန်းက ဧရာဝတီတိုင်းမှာ မိုးစပါးဧကသိန်း ၃၀ ခန့်သာ စိုက်နေခဲ့ရာမှ ရေနုတ်မြောင်းများ၊ ရေတားတမံများ၏ အကျိုးပြုမှုကြောင့် ယခုအခါ ဧက ၃၅ သိန်းအထိ တိုးချဲ့စိုက်ပျိုးလာနိုင်ပြီဖြစ်ကြောင်း၊ ဧရာဝတီတိုင်းအတွက် နိုင်ငံတော်က လျာထားတာဝန်ပေးထားသည့် မိုးစပါးဧက ၃၆ သိန်းကို ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆက်လက်ပြီး အားထုတ်ကြိုးပမ်းရဦးမည်ဖြစ်ကြောင်း။

ခြုံလိုက်လျှင် ဧရာဝတီတိုင်းသည် ခေတ်သစ် စနစ်သစ် ပြောင်းလဲထူထောင်မှုနှင့်အတူယှဉ်တွဲပြီး မိမိတိုင်းအတွင်းမှာရှိသည့် မြေသယံဇာတနှင့် ရေသယံဇာတများကို လူအများရဲ့ တီထွင်ကြံဆ အားထုတ်လုပ်ကိုင်မှုများနှင့် အကျိုးရှိရှိ ပေါင်းစပ်နိုင်သည့်အတွက် မိုးစပါးရော နွေစပါးပါ အများဆုံး တိုးချဲ့စိုက်ပျိုးထုတ်လုပ်နေသည့် နိုင်ငံတော်၏ စပါးကျီအဖြစ် ခိုင်မာစွာ ဆက်လက်ရှင်သန်ရပ်တည်လျက်ရှိကြောင်း၊ ထို့အပြင် အထက်အညာဒေသမှာသာ များများစားစား စိုက်လေ့ စိုက်ထရှိသည့် ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံများကို တစ်နှစ်ထက်တစ်နှစ် အားရဖွယ်တိုးချဲ့ စိုက်ပျိုးထုတ်လုပ်နေသည်မှာလည်း ဧရာဝတီတိုင်း၏ ထူးခြားပြောင်းလဲ တိုးတက်မှုများပင် ဖြစ်ကြောင်း။

ကွန်ချောင်းရေလှောင်တမံ အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းကြောင့် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ကြောင်းကို ဒေသခံပြည်သူများ ကိုယ်စား ကြံခင်းမြို့နယ်မှ ဒေသခံပြည်သူတစ်ဦးက ပြောကြားစဉ်။ (သတင်းစဉ်)

စားနပ်ရိက္ခာဖုန်

စိုက်ပျိုးရေးကဏ္ဍ တိုးတက်ထွန်းကားမှုနှင့်အတူ မွေးမြူရေးကဏ္ဍမှာလည်း ငါးကန်ဧက ၉၆၀၀၀ ခန့်၊ ပုစွန်ကန်ဧက ၄၀၀၀၀ ကျော် တိုးတက်ဖြစ်ပေါ်နေပြီး ဘဲ၊ ဝက်၊ ဒေသန္တရကြက် အများဆုံးမွေးမြူလျက်ရှိသည့် နယ်မြေအဖြစ်လည်း ရပ်တည်နေသည့်အတွက် ဧရာဝတီတိုင်းသည် နိုင်ငံတော်အတွက် အထူးအားထားရသည့် စိုက်ပျိုးရေး၊ မွေးမြူရေး အထူးဇုန်၊ စားနပ်ရိက္ခာဇုန်သဖွယ် တည်ရှိဖြစ်ထွန်းနေခြင်းဖြစ်ကြောင်း၊ ဤသည်မှာလည်း ဧရာဝတီတိုင်း၏ ထူးခြားတိုးတက်မှု တစ်ရပ်အဖြစ် အသိအမှတ်ပြုကြရမှာ ဖြစ်ကြောင်း။

ထို့ကြောင့်လည်း နိုင်ငံတော်အကြီးအကဲက–

"ဧရာဝတီတိုင်းအတွင်းမှာ စိုက်ပျိုးရေးကဏ္ဍနဲ့ မွေးမြူရေးကဏ္ဍ မြင့်မားတိုးတက်အောင် ဆောင်ကြဉ်းပေးနိုင်တဲ့ အခြေခံအလားအလာကောင်းတွေရှိပြီးဖြစ်တဲ့အတွက် ဒီကဏ္ဍတွေ တစ်ဆင့်မြင့်မားတိုးတက်အောင် ဖိဖိစီးစီး လုပ်ကိုင်ဆောင်ရွက်ဖို့ လိုအပ်တယ်"

"နိုင်ငံတော်မှာရှိတဲ့ စပါးစိုက်ဧရိယာရဲ့ လေးပုံတစ်ပုံကျော်ကို စိုက်ပျိုးနေတဲ့အပြင် မြေဆီမြေလွှာကောင်းတဲ့အတွက် ဧရာဝတီတိုင်းရဲ့ စပါးတစ်ဧကအထွက်နှုန်းကို သိသိသာသာ တိုးတက်အောင် ကြိုးစားလိုက်မယ်ဆိုရင် နိုင်ငံတော်က ရည်မှန်းချက်ပေးထားတဲ့ စပါးတင်းသန်း ၁၂၀၀ထွက်ရှိရေးကို ထိရောက်စွာအထောက်အကူပြုမှာဖြစ်တယ်"

"မွေးမြူရေးကဏ္ဍမှာလဲ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းကို အားပေးမြှင့်တင်ဆောင်ရွက်ပြီး ခေတ်မီပုစွန်ကန်များကို တိုးချဲ့နိုင်အောင်စီမံကြရမှာ ဖြစ်တယ်" ဟု ဧရာဝတီတိုင်း၏ စီးပွားရေးတိုးတက်နိုင်မှု အလားအလာကောင်းနှင့် နိုင်ငံတော်ကို အထောက်အကူပြုနိုင်သည့် အခြေအနေများကို ရှင်းလင်းစွာ လမ်းညွှန်ခဲ့ခြင်းဖြစ်ကြောင်း။

ပြည့်စုံလုနီးပါးတည်ဆောက်ပေး

ယင်းလမ်းညွှန်ချက်များကို ဧရာဝတီတိုင်းအနေနှင့် အလေးအနက်လိုက်နာအကောင်အထည်ဖော်သွားကြရမှာ ဖြစ်ကြောင်း၊ ဤသို့စီးပွားဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်နိုင်ရန်အတွက် တိုင်းအတွင်းမှ လိုအပ်သည့် လမ်းပန်းဆက်သွယ်မှုအခြေခံများကို နိုင်ငံတော်ကပြည့်စုံလုနီးပါး တည်ဆောက်ပေးထားပြီးဖြစ်ကြောင်း။

ဧရာဝတီတိုင်း၏ ရေမြေသဘာဝအခြေအနေအရ မြစ်များ၊ ချောင်းများပေါများလှသည့်အတွက် လွန်ခဲ့သောခုနစ်နှစ်ခန့်အထိ ရေကြောင်းလမ်းကိုသာ အဓိကအားထား မှီခိုသွားလာနေခဲ့ကြရခြင်းဖြစ်ကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ် ချုပ် ဌေး ဦး အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

သွားလာရေးခက်ခဲကြန့်ကြာသည့်အတွက်လည်း ဧရာဝတီတိုင်း၏ တိုးတက်မှုမှာ ခေတ်အဆက်ဆက်မှာ တုံ့နှေးခဲ့ရခြင်းဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း သောင်းကျန်းမှုအန္တရာယ်ဆိုးကြောင့် နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိခဲ့သည့် အတိတ်သမိုင်းကြောင်းကလည်း နယ်မြေ၏ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေခဲ့ခြင်းဖြစ်ကြောင်း။

လွယ်လင့်တကူသွားလာနိုင်

ယနေ့ဆိုလျှင် ပြည်သူလူထုကြီး သိမြင်သည့်အတိုင်း နိုင်ငံတော်နှင့် ဧရာဝတီတိုင်းသားများ တက်ညီလက်ညီ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် ဧရာဝတီတိုင်းအတွင်းမှာ မြို့နယ်ချင်းဆက်သည့် မော်တော်ကားလမ်းများနှင့် မြစ်ကူး၊ ချောင်းကူးတံတားများမှာ ကွန်ရက်သဖွယ်ပေါ်ထွက်လာခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတော်၏ စေတနာနှင့် လက်တွေ့စွမ်းဆောင်မှုများအရ မြစ်ကူး၊ ချောင်းကူးတံတားကြီးစာရင်းဝင် တံတားပေါင်း အစင်း ၄၀ အထိ တည်ရှိလာခဲ့ပြီဖြစ်သည့်အတွက် ဧရာဝတီတိုင်းသည် ရေကြောင်းလမ်းနှင့်သာ သွားလာ၍ရသည်ဆိုသည့် ခေတ်ဟောင်းအဆင့်မှ ယနေ့မော်တော်ကားလမ်းသစ်များအတိုင်း မော်တော်ကားဖြင့် ဥဒဟိုသွားလာလွယ်ကူ စည်ကားနေသည့် ခေတ်သစ်အနေအထားကို အမှန်တကယ်ကူးပြောင်းရောက်ရှိနေပြီဖြစ်ကြောင်း၊ ဧရာဝတီတိုင်းသားများအနေနှင့် ရန်ကုန်တိုင်းနှင့် အခြားပြည်နယ်၊ တိုင်းများကို ယနေ့လွယ်လင့်တကူ မြန်မြန်ဆန်ဆန် သွားလာနိုင်ခြင်းမှာ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုတို့၏ အကျိုးဆက်များဖြစ်ကြောင်း၊ ဧရာဝတီတိုင်းသားများက ကိုယ်တွေ့ ပိုမိုသိရှိနားလည် ခံစားနေကြရပြီဖြစ်ကြောင်း။

တစ်ရှိန်ထိုးတိုးတက်

ဧရာဝတီတိုင်း၏နယ်မြေဒေသအားလုံးမှာ သောင်းကျန်းမှုကင်းစင်ပြီး တည်ငြိမ်အေးချမ်းလုံခြုံမှု ရှိလာသည်နှင့်အမျှ လမ်းပန်းဆက်သွယ်မှု တံခါးပေါက်များ တိုးချဲ့ပွင့်လာခြင်းနှင့်အမျှ ဧရာဝတီတိုင်း၏ စီးပွားရေး၊ လူမှုရေး အခြေအနေများသည်လည်း ပြောင်းလဲတိုးတက်လာခဲ့ပြီဖြစ်ကြောင်း၊ လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍအပြင် ချောင်းသာ၊ ငွေဆောင် စသည့် အပန်းဖြေစခန်းများကြောင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းသည်လည်း တစ်ရှိန်ထိုးတိုးတက်လာနေခြင်းဖြစ်ကြောင်း၊ မူလသမားရိုးကျ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပြင် စီးပွားရေးလုပ်ငန်းသစ်၊ ထွက်ကုန်အသစ်များနှင့်ပါ စည်ပင်ဝပြောလာနေတာဖြစ်ကြောင်း။

ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရင်းနှီးပျိုးထောင်

ယင်းသို့တိုးတက်နေသည့် ဧရာဝတီတိုင်း၏ဖွံ့ဖြိုးမှုအရှိန်အဟုန်ကို ရေရှည်တည်တံ့ထွန်းကားနိုင်ရန်အတွက် နိုင်ငံတော်အစိုးရသည် ပုသိမ်၊ ဟင်္သာတနှင့် မအူပင်ဒေသများကို နိုင်ငံတော်၏ဖွံ့ဖြိုးရေးအထူးဒေသများအဖြစ်သတ်မှတ်ပြီး တက္ကသိုလ်၊ ကောလိပ်များ၊ ဆေးရုံကြီးများ ထူထောင်ပေးကာ ထူးချွန်ထက်မြက်ပြီး ကျန်းမာကြံ့ခိုင်သည့် လူ့အရင်းအမြစ်အခြေခံကောင်းများ ပေါက်ဖွားလာအောင် ရင်းနှီးပျိုးထောင်လျက်ရှိကြောင်း။

ဧရာဝတီတိုင်းနည်းတူပင် ပြည်ထောင်စုကြီး၏ အခြားပြည်နယ်၊ တိုင်းနယ်မြေများမှာလည်း အပြိုင်အဆိုင် အရှိန်အဟုန်နှင့် တိုးတက်လာလျက်ရှိသည့်အတွက် ယနေ့နိုင်ငံတော်တစ်ရပ်လုံး၏ ပြောင်းလဲတိုးတက်မှုနှုန်းသည် အလွန်သိသာ မြန်ဆန်လျက်ရှိကြောင်း၊ စီးပွားရေးကဏ္ဍမှာလည်း နိုင်ငံတော်သည် ကာလတိုစီမံကိန်းနှင့် နှစ်စဉ်စီမံကိန်းများအရ မြင့်မားသည့်နှုန်းများနှင့် တိုးတက်လျက်ရှိကြောင်း။

ကုန်ထုတ်လုပ်မှုနယ်ပယ်၊ ဝန်ဆောင်မှုနယ်ပယ်နှင့် ကုန်သွယ်မှုနယ်ပယ်စသည့် စီးပွားရေးနယ်ပယ်အားလုံးမှာ တစ်နှစ်ထက်တစ်နှစ်

နိုင်ငံတော်၏မွန်မြတ်သည့်စေတနာနှင့် လုပ်ကိုင်ထူထောင်ပေးထားသော အခြေခံကောင်းများကို ထိထိမိမိအသုံးချ ထုတ်ကုန်လုပ်ငန်းများ အစဉ်တစိုက်တိုးတက်သည်ထက်တိုးတက်အောင် ကြိုးစည်ဆောင်ရွက်ခြင်းဖြင့် ပြန်လည်တုံ့ပြန်

တိုးတက်နေကြောင်း၊ ပြည်သူများ၏ လူနေမှုဘဝ အခြေအနေများမှာ ပြောင်းလဲတိုးတက်လာပြီး စားဝတ်နေမှုနှင့် သုံးစွဲမှုပုံသဏ္ဌာန်များမှာလည်း တိုးတက်မှုနှင့်ယှဉ်ပြီး ပြောင်းလဲတိုးတက်နေသည့်သဘောကို မြို့ပြဒေသများမှာရော ကျေးလက်ဒေသများမှာပါ ထင်ထင်ရှားရှား မြင်တွေ့နေကြရပြီဖြစ်ကြောင်း။

ဘက်စုံကဏ္ဍစုံပြုပြင်ပြောင်းလဲ

နိုင်ငံတော်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်သည့် နိုင်ငံတော်အစိုးရ၏ ယခုကဲ့သို့စေတနာနှင့် မနေမနား တွန်းအားပေးပြီး ကွက်ပြည့်ဆောင်ရွက်နေမှု၏ ရည်မှန်းချက်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်ရေးနှင့် တိုင်းရင်းသားပြည်သူအားလုံး၏ လူနေမှုဘဝပြည့်စုံခိုင်မာရေးတို့အတွက်ပင်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ရာတွင် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံရေး ဦးတည်ချက်(၄)ရပ်၊ စီးပွားရေး ဦးတည်ချက်(၄)ရပ်နှင့် လူမှုရေးဦးတည်ချက်(၄)ရပ်စသည့် ဦးတည်ချက်(၁၂)ရပ်ချမှတ်ကာ နိုင်ငံတော်ကို ရည်မှန်းချက်ရှိရှိ တည်ဆောက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်သူများ အေးအေးချမ်းချမ်း လုံလုံခြုံခြုံ အလုပ်လုပ်နိုင်စေရန်၊ လုပ်လျှင် လုပ်သလောက် တိုးတက်နိုင်သည့် စီးပွားအခွင့်အလမ်းများ ပွင့်လန်းလာစေရန်၊ သက်တမ်းစေ့ ကျန်းကျန်းမာမာ နေနိုင်စေရန်၊ အခြေခံပညာသာမက အဆင့်မြင့်ပညာများကိုပါ လက်လှမ်းတမီ သင်ယူနိုင်ပြီး ပညာရည်တိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှုချောမွေ့စေရန်စသည့် လူမှုဘဝ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်အောင် ဘက်စုံကဏ္ဍစုံကို ဖွဲ့သတ္တိရှိရှိ၊ အမြော်အမြင်ရှိရှိနှင့် ပြုပြင်ပြောင်းလဲနေရခြင်းဖြစ်ကြောင်း။

ဤအချိန်တွင် ဒို့တာဝန်အရေးသုံးပါးကိုဆန့်ကျင်ပြီး ပြည်ပတပည့်အဖြစ်ခံယူရင်း ပြည်ပလက်ကိုင်တုတ် အစေအပါးအဖွဲ့ ဖွဲ့စည်းကာ နိုင်ငံတော်ကို ဖျက်ဆီးမည့်သူများ ပေါ်ပေါက်လာသည်ကို ပြည်သူများအားလုံး အသိပင်ဖြစ်ကြောင်း၊ ယင်းတို့အပေါ် မည်သို့သဘောထားရမည်ဆိုသည်မှာလည်း ရှင်းပါကြောင်း၊ ပြည်သူ့သဘောထားလေးရပ်နှင့်အညီ ပြတ်ပြတ်သားသား တိုက်ဖျက်သွားရေးပင်ဖြစ်ကြောင်း၊ ပြည်သူအများ လူနေမှုအဆင့်အတန်း မြင့်မားရေး ရည်မှန်းဆောင်ရွက်ချက်များ အကောင်အထည် ရုပ်လုံးပေါ်လာပြီဖြစ်သည့် ယခုလိုအချိန်မှာ မည်သည့်အနှောင့်အယှက် အဖျက်လုပ်ရပ်မဆို ပြည်သူ့အားနှင့် တိုက်ဖျက်ရှင်းလင်း ကာကွယ်သွားကြရန် နှိုးဆော်တိုက်တွန်းအပ်ကြောင်း။

အောင်မြင်စွာဆွေးနွေးချမှတ်

နိုင်ငံတော်တစ်ရပ်လုံး ကွက်ပြည့်နီးပါး၊ နယ်စပ်ဒေသရော ကျေးလက်ဒေသများပါမကျန် တစ်ပြိုင်တည်း မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်ကို စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် ညင်သာစွာ ကူးပြောင်းနိုင်ရန်အတွက် လက်တွေ့ကျပြီး ကြောင်းကျိုးဆီလျော်သည့် ရှေ့ကို လျှောက်လှမ်းမည့် နိုင်ငံရေး လုပ်ငန်းစဉ်(၇)ဆင့်ကို အတိအလင်းချမှတ်ထားပြီး လက်တွေ့လည်း စနစ်တကျစတင်အကောင်အထည်ဖော်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ပထမဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံမှာလည်း နိုင်ငံတော်၏ အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် လိုအပ်သည့် အခြေခံအချက်များကို အောင်မြင်စွာ ဆွေးနွေးချမှတ်နေသည်မှာလည်း ခရီးအတော်ရောက်နေပြီဖြစ်ကြောင်း။

နိုင်ငံတော်၏ ခေတ်စနစ် အသွင်ကူးပြောင်းရေးလုပ်ငန်းမှာ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် နယ်ပယ်စုံ၊ ကဏ္ဍစုံ အကျုံးဝင်ပါဝင်နေသည့် လုပ်ငန်း ဖြစ်သည့်အတွက် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်အင်အားသုံးရပ် ပေါင်းစည်းပြီး ဦးထမ်းပဲ့ထမ်း ဟန်ချက်ညီညီ လုပ်ကိုင်နိုင်၍သာ ဤမျှအချိန်တိုအတွင်း မြန်ဆန်အောင်မြင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယနေ့တိုင်းပြည်သည် ယခင်အခြေအနေများနှင့်မတူ ပြောင်းလဲတိုးတက် အောင်မြင်မှုများရသလို ရှေ့မှာလည်း ဆက်လက်အောင်မြင်မှုများရအောင်၊ ဒီမိုကရေစီနိုင်ငံတော်အဖြစ်အသွင်ကူးပြောင်းရာတွင် ချမှတ်ထားသည့် လုပ်ငန်းအစီအစဉ်များနှင့်အညီ အဆင့်မှန်မှန် ကူးပြောင်းနိုင်အောင် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် လက်တွဲညီညီ ဆက်လက်ပူးပေါင်းအကောင်အထည်ဖော်နေကြခြင်းလည်းဖြစ်ကြောင်း။

ပြန်လည်တုံ့ပြန်

ယခုကဲ့သို့ တိုင်းပြု ပြည်ပြု အကျိုးပြုလုပ်ငန်းများကို ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားနှင့် အကောင်အထည်ဖော်သည့်နေရာတွင် ပြည်နယ်၊ တိုင်းတွေအကြားမှာ ရှေ့တန်းကျကျ တိုးတက်ဖွံ့ဖြိုးနေသည့် ဧရာဝတီတိုင်းမှ တိုင်းရင်းသားပြည်သူများသည် နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အစိုးရ၏ မွန်မြတ်သည့်စေတနာနှင့် လုပ်ကိုင်ဆောင်ရွက်ထူထောင်ပေးထားသည့် အခြေခံကောင်းများကို ထိထိမိမိအသုံးချပြီး မှန်ကန်သည့် အလုပ်နှင့် တုံ့ပြန်ကြရန် မိမိတို့၏ ကုန်ထုတ်လုပ်ငန်းများကို အစဉ်တစိုက် တိုးတက်သည်ထက် တိုးတက်အောင် ကြိုးစည်ဆောင်ရွက်ခြင်းဖြင့် ပြန်လည်တုံ့ပြန်ပေးရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ရိုးသားကြိုးစားပြီး သစ္စာရှိသည့် ဧရာဝတီတိုင်းသားများသည် စစ်မှန်သောပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ရှေ့တန်းတင်လျက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံနှင့် အမိပြည်ထောင်စုနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာတည်သရွေ့ ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ တည်တံ့ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်ကြပါဟု ထပ်မံမှာကြားတိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ရှစ်ခုမြောက်ရေလှောင်တမံ

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် ကွန်ချောင်းရေလှောင်တမံကြီးသည် မိမိတို့တပ်မတော်အစိုးရအနေဖြင့် နိုင်ငံသားအများစုဖြစ်ကြသည့် တောင်သူလယ်သမားကြီးများ၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရေးအတွက် ဆည်မြောင်းစီမံကိန်းများ ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိရာတွင် နိုင်ငံတော်၏ ၁၇၃ခုမြောက်ရေလှောင်တမံအဖြစ် ဖွင့်လှစ်နိုင်ခြင်းဖြစ်သလို ဧရာဝတီတိုင်း၏ ရှစ်ခုမြောက်ရေလှောင်တမံကြီးအဖြစ် ဖွင့်လှစ်ပေးနိုင်ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ဧရာဝတီတိုင်းအတွင်း မိုးရွာသွန်းမှုကြောင့် ချောင်းရေ၊မြစ်ရေတိုးပြီး ရေလျှံကွင်း၊ ရေကြီးကွင်း၊ ရေနက်ကွင်းများအဖြစ်ရှိနေသည့် နေရာများကို အဖိုးတန်သည့် စိုက်ပျိုးမြေအဖြစ်ရအောင် တာတမံများ၊ ရေနုတ်မြောင်းများဖြင့် ဆောင်ရွက်ပေးခဲ့သလို စိုက်ပျိုးရေလိုအပ်သည့် နယ်မြေများမှာလည်း ဆည်ရေသောက်စိုက်ပျိုးမြေများ ပေါ်ထွက်လာအောင် ဆည်တမံများတည်ဆောက်ပေးခဲ့ကြောင်း၊ တစ်နှစ်ပတ်လုံးလိုအပ်သည့် ရေကိုထိန်းထားနိုင်သော ရေတံခါးများကိုလည်း ဒေသခံပြည်သူများအတွက် ရည်မှန်းလုပ်ဆောင်ပေးထားမှုများကိုလည်း တွေ့မြင်ကြားသိကြရမှာဖြစ်ကြောင်း။

နိုင်ငံနှင့်အဝန်းဖြန့်ကြက်ဆောင်ရွက်

ယင်းသို့ဆောင်ရွက်ပေးနေမှုများမှာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဦးဆောင်မှုနှင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏နယ်မြေအစိတ်အပိုင်းအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသလိုအပ်ချက်နှင့် ဆီလျော်သည့် ဒေသဖွံ့ဖြိုးရေးအစီအမံများကို နိုင်ငံနှင့်အဝန်း ဖြန့်ကြက်ဆောင်ရွက်ပေးနေမှုများအဖြစ် တွေ့မြင်ကြရမှာဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ပြောရမည်ဆိုလျှင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်သည့် တပ်မတော်အစိုးရ၏ ပြည်ထောင်စုဖွား တိုင်းရင်းသားညီနောင်များအကျိုးအတွက် စေတနာပါသည့် လက်တွေ့ကျသော ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်မှုများ၏ အသီးအပွင့်များပင်ဖြစ်ကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနှင့် မိုးရေချိန်နည်းပါးပြီး ရေမြေသဘာဝကြောင့် ရေကိန်းအောင်းမှုလျော့ပါးသည့် အထက်အညာနှင့် မြေလတ်ပိုင်းဒေသများမှာ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေစီမံကိန်းများကို ဆည်မြောင်းတာတမံစီမံကိန်းများပေါင်းစပ်ပြီး ရေလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ မိုးများပြီး ရေလွှမ်းမိုးမှုရှိသည့် ရေနက်ကွင်းဒေသများတွင် ရေဝင်ရေထွက်ထိန်းချုပ်ပေးသည့် ရေတံခါးစီမံကိန်းများ၊

ပင်လယ်ရေငန်ဝင်သည့်ဒေသများတွင် ရေကာတာများတည်ဆောက်ပြီး စိုက်ပျိုးမြေတိုးချဲ့ဖော်ထုတ်စိုက်ပျိုးနိုင်အောင် စီမံလုပ်ကိုင်ပေးလျက်ရှိကြောင်း။

ပံ့ပိုးကူညီဆောင်ရွက်

တစ်ဖက်မှာလည်း လယ်ယာကိုအခြေခံသည့်စက်မှုနိုင်ငံအဖြစ် တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းအကောင်အထည်ဖော်နေခြင်းကြောင့်လည်း လက်မှုလယ်ယာကနေ စက်မှုလယ်ယာကိုကူးပြောင်းရောက်ရှိရန် လယ်ယာကုန်ထုတ်လုပ်ငန်းကြီးမှာ စက်အားတပ်ဆင်သုံးစွဲမှုကို အားပေးကူညီနေသကဲ့သို့ သီးနှံစိုက်ပျိုးမှု နည်းစနစ်များ၊ ဒေသနှင့် ကိုက်ညီသည့် သီးနှံပုံစံများ၊ သွင်းအားစုများ အထိရောက်ဆုံးအသုံးချနိုင်သည့် နည်းလမ်းများ၊ ပိုးမွှားကာကွယ်နှိမ်နင်းရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်အောင် မျိုးရေး၊ မျိုးစပ်၊ မျိုးဖော်ထုတ်သုတေသနလုပ်ငန်းများနှင့် နိုင်ငံတော်အနေဖြင့် စိုက်ပျိုးထုတ်လုပ်ကြသည့် တိုင်းရင်းသားပြည်သူ တောင်သူလယ်သမားများတိုးတက်အကျိုးဖြစ်ထွန်းအောင် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခုဆိုလျှင် လယ်ယာကဏ္ဍ၏သီးနှံစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းမှာ အခြေခံအဆောက်အအုံများကို တိုးမြှင့်ဖြည့်ဆည်းပြီး သီးနှံအရည်အသွေးနှင့် အထွက်နှုန်းများ တိုးတက်အောင် ဆန်စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊မတ်ပဲ၊ပဲတီစိမ်း၊ ပဲစင်းငုံ၊ ချည်မျှင်ရှည်ဝါ၊ ကြံသီးနှံများကို ပန်းတိုင်အထွက်နှုန်းများရရှိအောင် အကောင်အထည်ဖော်နေကြောင်း၊ လယ်ယာထွက်ကုန်များ၏ ပို့ကုန်အမယ်သစ်များဖြစ်ထွန်းလာရအောင်လည်း ကော်ဖီ၊ လက်ဖက်၊ ငရုတ်ကောင်း၊ ရော်ဘာ အစရှိသည့်သီးနှံများ၏ စိုက်ပျိုးထုတ်လုပ်မှုစီမံကိန်းများ ချမှတ်ဆောင်ရွက်နေရခြင်းကြောင့် ဒေသနေတောင်သူလယ်သမားပြည်သူများ အနေနှင့် မိမိဒေသရေမြေနှင့်ကိုက်ညီသည့်သီးနှံများစိုက်ပျိုးထုတ်လုပ်မှုတွင် တိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားကြရန်ပန်ကြားလိုကြောင်း။

ယခု ရေလှောင်တမံက အကျိုးပြုမည့် ကျေးရွာအုပ်စု ၂၁ ခုတည်ရှိသည့် ဤဒေသတွင် မူလက မူရင်းသီးနှံအနေဖြင့် မိုးစပါးကို ဧက ၂၁၀၀၀ကျော် စိုက်ပျိုးကြကြောင်း၊ ဆက်လက်ပြီးသီးထပ်အဖြစ် နွေစပါးဧက ၂၇၀၀ အပါအဝင် ပဲမျိုးစုံကို ဧက၉၃၀၀ကျော်စိုက်ပျိုးကြသည့်အတွက် စုစုပေါင်းသီးနှံစိုက်ဧရိယာမှာ ဧက၃၃၀၀၀ကျော်ရှိပြီး သီးနှံစိုက်စွမ်းအားမှာ ၁၅၆ဒသမ၄၂ရာခိုင်နှုန်းရှိကြောင်း၊ ယခုအချိန်တွင် ရေလှောင်တမံကြီး တည်ဆောက်ပြီးစီးသွားခြင်းကြောင့် မူရင်း သီးနှံမိုးစပါးကို ဧက၂၁၀၀၀ကျော်အပြင် သီးထပ်အဖြစ် နွေစပါးဧက၁၆၀၀၀ နှင့် ပဲမျိုးစုံဧက ၅၃၅၀တို့ကို စိုက်ပျိုးလာနိုင်မည်ဖြစ်၍ စုစုပေါင်းသီးနှံစိုက်ဧက ၄၂၀၀၀ကျော်အထိ ရှိလာမည်ဖြစ်ပြီး သီးနှံစိုက်စွမ်းအားကို ၂၀၀ရာခိုင်နှုန်းအထိ အကျိုးခံစားရတော့မှာဖြစ်ကြောင်း။ ***စာမျက်နှာ ၁၂ ကော်လံ ၁ သို့***

ရင်းရင်းနှီးနှီး

နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း ကွန်ချောင်းရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားအပြီးတွင် တက်ရောက်လာသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မှတ်တမ်းတင်ဓာတ်ပုံရိုက်

နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ကွန်ချောင်းစီမံကိန်းမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်အတူ ဖွင့်ပွဲမုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ရေဝတီမြစ် အနောက်ဘက်ကမ်းပေါ်က ပဒေသာပင်များ

အောင် (စက်မှု)

ဦးလေးအုံး(ပခုက္ကူ-ဦးအုံးဖေ)သည် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုကော်မတီဝင်ဖြစ်၍ စာရေးသူသည် ထိုအဖွဲ့၏ ဗဟိုဦးစီးအဖွဲ့ဝင် ဖြစ်သဖြင့် ကျွန်တော်တို့နှစ်ဦး စာပေညီလာခံ၊ စာပေဆုနှင်းသဘင်နှင့် စာပေအစည်းအဝေးများတွင် မကြာခဏဆုံတွေ့ကြရသည်။ ထိုသို့ဆုံတွေ့သည့်အခါတိုင်း ဦးလေးအုံးနှင့် ကျွန်တော် စာပေအကြောင်း၊ စာရေးဆရာအကြောင်း၊ စာကြည့်တိုက်အကြောင်းနှင့် ဒေသအကြောင်း ထွေရာလေးပါး စကားလက်ဆုံ ကျတတ်ကြသည်။ ယခုလည်း ဦးလေးအုံး ရန်ကုန်ကို အစည်းအဝေးလာခိုက် သူ၏ဇာတိဒေသအကြောင်း ပြောကြ၊ ဆိုကြရင်း ရေဝတီ အနောက်ဘက်ခြမ်း ဒေသကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာပုံကို ဆွေးနွေးဖြစ်ခဲ့သည်။

စာရေးသူ – ကိုယ့်ရပ်ကိုယ့်ဒေသ ဖွံ့ဖြိုး တိုးတက်ဖို့နဲ့ ပရဟိတလုပ်ငန်းတွေ လုပ်ဆောင်တဲ့နေရာမှာတော့ ဦးလေးအုံးက စံပြပဲနော်။

ဦးအုံးဖေ – ဒီလောက်လဲ မဟုတ်ပါဘူးဗျာ။ ကျွန်တော့်လုပ်ဆောင်ချက်က ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံတော်အကြီးအကဲရဲ့ထားတဲ့စေတနာနဲ့ လုပ်ဆောင်ချက်တွေနဲ့ နှိုင်းယှဉ်ရင် မြင်းမိုရ်တောင်နဲ့ ဆီးစေ့လောက် ကွာပါတယ်။

စာရေးသူ – ဟုတ်တယ်နော် ဦးလေးအုံး၊ ဒီကနေ့ နိုင်ငံတော်အစိုးရက တစ်နိုင်ငံလုံး တစ်ပြေးညီညီ ဖွံ့ဖြိုးတိုးတက်အောင် နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဒေသကြီး၂၄ခု ဖွံ့ဖြိုးရေး စတဲ့စီမံကိန်းတွေ ချမှတ်ဆောင်ရွက်နေလို့ တိုင်းရင်းသားအားလုံး ဝမ်းသာပီတိ ဖြစ်နေကြရပြီဗျ။

ဆောမြို့နယ်မှ ဝင်းသူဇာအရောင်းဆိုင်။

ဦးအုံးဖေ – ဒါတင် ဘယ်ကဦးမှာလဲ၊ နိုင်ငံတော် အကြီးအကဲအနေနဲ့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို မပြတ်လှည့်လည် စစ်ဆေးပြီး လိုအပ်ချက်တွေ ဖြည့်ဆည်းဆောင်ရွက်ပေးနေတာတွေကလဲ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မောင်းနှင်အားတွေပဲပေါ့ဗျာ။

စာရေးသူ – ဒါဆို အဲဒီခရီးစဉ်တွေမှာ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မိန့်ကြားချက်တွေဟာလဲ လုပ်ငန်းလမ်းညွှန်တွေပဲပေါ့နော်။

ဦးအုံးဖေ – သိပ်ဟုတ်ပေါ့ ဗျာ။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးရေး ခရီးစဉ်တစ်ခုမှာ နိုင်ငံတော်အကြီးအကဲ မိန့်ကြားခဲ့တဲ့ **"ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများ၊ ပင်ပန်းမှုများ ရှိနိုင်ကြောင်း၊ သို့သော် ယခု အနစ်နာခံပြီး ဆောင်ရွက်မှုများသည် မိမိတို့အတွက်လည်း အကျိုးကျေးဇူး အထိုက်အလျောက် ခံစားရမည်ဖြစ်ပြီး မိမိတို့ သားစဉ်မြေးဆက် လူနေမှုအဆင့်အတန်း မြင့်မားစေရေးအတွက်လည်း အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်၍ အားလုံး အသိစိတ်ဓာတ်ဖြင့် စေတနာထားအလုပ်လုပ်ကြရန်လိုအပ်ကြောင်း"** လမ်းညွှန်မိန့်ကြားချက်ကိုကြည့်ရင် နိုင်ငံတော် အကြီးအကဲရဲ့ အမြော်အမြင် ကြီးမားမှုနဲ့ စေတနာတွေ အထင်းသားပေါ်လွင်နေတာကိုတွေ့နိုင်တယ်ဗျ။

စာရေးသူ – ဩော်-ဒါနဲ့ နိုင်ငံတော်အကြီးအကဲ ချမှတ်ထားတဲ့ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်တွေ လက်တွေ့ အကောင်အထည်ဖော်နေတာကလဲ မြန်ဆန်လိုက်တာနော်။ တစ်လောကပဲ ကျွန်တော် ပွင့်ဖြူကို အလုပ်တာဝန်နဲ့ ခရီးထွက်ခဲ့တုန်း ခရီးစဉ်တစ်လျှောက် တွေ့မြင်ရတဲ့ ကျေးလက်မြင်ကွင်းအားလုံးဟာ မယုံနိုင်လောက်အောင်ပါပဲဗျာ။ တိုးတက်ပြောင်းလဲနေတာတွေ အထင်ကရ မြင်တွေ့ခဲ့ရတယ်ခင်ဗျ။

ဦးအုံးဖေ – ကျေးလက်ဖွံ့ဖြိုးရေးဆိုတာ ယခင်ခေတ်တွေက စိတ်ကူးသာရှိခဲ့ကြတာ။ ကျုပ်တို့တစ်နိုင်ငံလုံးမှာ ကျေးလက်နေပြည်သူက ၇၀ရာခိုင်နှုန်းတောင် ရှိတယ်ဆိုတော့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့က ကျေးလက်ဖွံ့ဖြိုးတိုးတက်မှုဖြစ်မှာ။ ဒါ့ကြောင့်လဲ နိုင်ငံတော်အကြီးအကဲက ကျေးလက်နေပြည်သူများရဲ့ စီးပွားရေးတိုးတက်မှု၊ ပညာရေးတိုးတက်မှု၊ ကျန်းမာရေးတိုးတက်မှု၊ သန့်ရှင်းသောသောက်သုံးရေလုံလောက်စွာရရှိမှုနဲ့ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေမှုစတဲ့ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် ချမှတ်ပေးပြီး ကျေးလက်ဖွံ့ဖြိုးရေးကိုအလေးပေး အကောင်အထည်ဖော် ဆောင်ရွက်ခိုင်းနေတာပေါ့။

စာရေးသူ – ဒါတင်ဘယ်ကဦးမလဲ။ နိုင်ငံတော်အစိုးရက တစ်နိုင်ငံလုံး လက်ရှိလူဦးရေရဲ့ ၁၀ရာခိုင်နှုန်း နေထိုင်တဲ့ မြို့နယ် ၆၈မြို့နယ် ပါဝင်တဲ့ ဒေသ၂၂ခုကို စီမံကိန်းဝင် နယ်စပ်ဒေသများအဖြစ်သတ်မှတ်ပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတွေ ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တာ ခုဆိုရင် အဲဒီနယ်စပ်ဒေသတွေရဲ့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့ လမ်းပန်း ဆက်သွယ်ရေး အခြေခံတွေ အခိုင်အမာ ထူထောင်ပေးနိုင်ပြီ မဟုတ်လားဗျာ။

ဦးအုံးဖေ – ဟုတ်တယ်။ ကျုပ်တို့တိုင်းပြည်မှာ အရင်တုန်းက ခေတ်နောက်ကျကျန်ရစ်ခဲ့တဲ့ ဒေသတွေရှိခဲ့တယ်။ အထူးသဖြင့် ကျုပ်နေတဲ့ဒေသပါဝင်တဲ့ ရေဝတီမြစ် အနောက်ဘက်ခြမ်း ဒေသကြီးတစ်ခုလုံး ခေတ်နောက်ကျတာ အထင်ကရပဲ မဟုတ်လား။ ဒါ့ကြောင့်လဲ နိုင်ငံတော်အကြီးအကဲက ပြည်ထောင်စုတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်ဖို့ သာမန်ထက်နှစ်ဆ၊ သုံးဆ ကြိုးပမ်းကြဖို့ လမ်းညွှန်မိန့်ကြားထားတယ်လေ။

စာရေးသူ – မှန်ပါတယ်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်နေတဲ့ တပ်မတော်အစိုးရဟာ ပြည်သူတွေရဲ့ အကျိုးစီးပွားကို မျက်ခြည်ပြတ်မခံဘဲ အမြဲအလေးထား ဆောင်ရွက် ပေးနေတယ်ဆိုတာ ဘယ်သူငြင်းနိုင်မှာလဲဗျာ။ အခုလဲ နိုင်ငံတော်အကြီးအကဲက **"တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်တဲ့ အခြေခံတွေကို ထူထောင်နိုင်ပြီ ဖြစ်တယ်။ ဒီအခြေခံတွေကိုအသုံးချပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက် လုပ်ကိုင်ရမယ်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံဖြစ်အောင် ရည်မှန်းချက် ပန်းတိုင်ထားရမယ်"** ဆိုပြီး အဆက်မပြတ် လမ်းညွှန်ပေးနေတာပဲ မဟုတ်လား။

ဆိပ်ဖြူမြို့နယ်မှ ဝင်းသူဇာအရောင်းဆိုင်။

ဦးအုံးဖေ – ခင်ဗျားပြောလိုက်တဲ့ "ဘယ်သူငြင်းနိုင်မှာလဲ" ဆိုတဲ့စကားကိုကျုပ်သိပ်သဘောကျသွားပြီ။ ကျုပ်တို့တိုင်းပြည်မှာ မိုင်တစ်ထောင်ကျော်ရှည်လျားတဲ့ ကမ္ဘာ့တန်းဝင် ရေဝတီမြစ်ကြီးဟာ မြောက်ဘက်ကနေ တောင်ဘက်ဖျားအထိ ဒေါင်လိုက်စီးဆင်းနေတာကြောင့် အတားအဆီးဖြစ်ပြီး ရေဝတီမြစ်အရှေ့ဘက်ခြမ်းနဲ့ အနောက်ဘက်ခြမ်းဒေသရယ်လို့ ဖြစ်ပေါ်လာတယ် မဟုတ်လား။ အဲဒီဒေသကြီးနှစ်ခု တစ်ခုနဲ့တစ်ခု ဆက်သွယ်ကူးသန်းသွားလာ နိုင်ဖို့ဆိုတာ အရင်က ဝေလာဝေး။ ဒါကြောင့်လဲ ရေဝတီမြစ် အနောက်ဘက်ခြမ်း ဒေသတွေဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့တာပေါ့။ ဒါကိုမြင်တဲ့ နိုင်ငံတော်အကြီးအကဲက ရေဝတီမြစ် အနောက်ဘက်ခြမ်း ဒေသကြီးတစ်ခုလုံး အမြန်ဖွံ့ဖြိုးတိုးတက်လာဖို့ ဖွံ့ဖြိုးရေးအစီအစဉ်တွေ ရေးဆွဲစေပြီး တစ်ခုပြီးတစ်ခု ဆက်တိုက် အကောင်အထည်ဖော် ဆောင်ရွက်စေခဲ့တာ ခုဆိုရင် ရေဝတီမြစ်ကူးတံတားကြီးတွေ တည်ဆောက် ပြီးစီးသွားလို့ ကျုပ်တို့ဒေသကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်နေပြီလေ။

စာရေးသူ – ဟုတ်တယ်နော်၊ ရေဝတီမြစ်ကြီးရဲ့ သဘာဝအတားအဆီးကြောင့် အရင်တုန်းက ကျွန်တော်တို့ ရွှေစက်တော် ဘုရားဖူးသွားတဲ့အခါမျိုး၊ ပုသိမ်မြို့သွားတဲ့အခါမျိုးမှာ ဇက်ရေယာဉ်နဲ့ အချိန်ကုန် လူပန်းပြီး ခက်ခက်ခဲခဲ ကူးခဲ့ရတဲ့ ဘဝတွေဟာ အခုတော့ အိပ်မက်တွေအဖြစ် ကျန်ရစ်ခဲ့ပြီပေါ့ဗျာ။ နောက်ပြီး ရေဝတီမြစ်ကြီးပေါ် ဖြတ်ကျော်ကူးသန်း သွားလာနိုင်ရုံတင် ဘယ်ကဦးမှာလဲ၊ နိုင်ငံတော် အကြီးအကဲရဲ့ လမ်းညွှန်မှုနဲ့ ရေဝတီမြစ် တစ်လျှောက်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

မတ်၁၈ရက်က ဖွင့်လှစ်လိုက်သော အမှတ်(၁) စက်မှု ဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့်အထည်စက်ရုံ(ပွင့်ဖြူ)ကို တွေ့ရစဉ်။

စာမျက်နှာ ၁၀ ဆောင်းပါးမှ အဆက်

လျှပ်စစ်မြစ်ရေတင် စီမံကိန်းတွေ ဆောင်ရွက်ပေးနေလို့ ခုဆို ဧရာဝတီမြစ် အနောက်ဘက်ခြမ်း ဒေသကြီးတစ်ခုလုံး တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ပြီး သီးထပ်ကေတွေ တိုးချဲ့စိုက်ပျိုးနေပြီလေ။

ဦးအုံးဖေ – ဧရာဝတီမြစ် အနောက်ဘက်ခြမ်းပေါ်က ခုကျုပ်နေတဲ့ ပခုက္ကူခရိုင်ဆိုရင် အရင်ခေတ် အဆက်ဆက်တွေက ချောင်အလွန်ကျတဲ့ ဒေသတွေပေါ့ဗျာ။ လမ်းပန်းဆက်သွယ်ရေးက မကောင်း၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးတွေမှာလဲ ခေတ်အလွန်နောက်ကျခဲ့တာပေါ့။ ဒီအစိုးရလက်ထက်ကျကာမှ တစ်ရှိန်ထိုး ဘက်စုံဖွံ့ဖြိုးတိုးတက်လာလို့ ဒေသခံ လူထုတွေ ဆင်းရဲတွင်းက လွတ်ပြီပေါ့ဗျာ။

စာရေးသူ – သိပ်ဟုတ်တာပေါ့ဗျာ။ တလောက ကျွန်တော် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းကို တာဝန်နဲ့ ခရီးထွက်ခဲ့တာ ခရီးစဉ်တစ်လျှောက် ရေလွှဲဆည်တွေ၊ ရေလှောင်တမံတွေ၊ ဆည်တမံတွေ ဒေသအနှံ့တွေ့ခဲ့ရတယ်။ လမ်းတံတားတွေကတော့ မပြောပါနဲ့တော့ဗျာ။ နိုင်ငံတော်က တည်ဆောက်အကောင်အထည်ဖော်ပေးခဲ့တဲ့ ပေ ၁၈၀ အထက် တံတားကြီးတွေကလဲ များမှများဆိုတော့ သွားရေးလာရေးက အလွန်လွယ်ကူနေပြီပဲ။

မုံရွာခရိုင် ပုလဲမြို့နယ်မှ ဝင်းသူဇာ အရောင်းဆိုင်။

ဦးအုံးဖေ – ဒါတင် ဘယ်ဟုတ်ဦးမလဲ၊ ဘယ်ခေတ်ကမှ မရှိဖူးသေးတဲ့ အစိုးရနည်းပညာ ကောလိပ်တွေ၊ အစိုးရ ကွန်ပျူတာကောလိပ်တွေ၊ ဆေးရုံဆေးခန်းတွေ၊ ရုပ်သံလွှင့်စက်ရုံတွေ၊ စက်ရေတွင်းတွေ၊ ရေအားလျှပ်စစ် စီမံကိန်းတွေကလဲ ဖွံ့ဖြိုးတိုးတက်မှုရဲ့ ပြယုဂ်တွေအဖြစ် ဧရာဝတီ အနောက်ဘက်ကမ်းမှာ ဖြစ်တည်နေပြီလေ။

စာရေးသူ – ကျန်သေးတယ်လေ။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုကိုပြောရင် နိုင်ငံပိုင်စက်ရုံကြီးတွေ၊ ပုဂ္ဂလိကစက်ရုံတွေ၊ စက်မှုဇုန်တွေ အကြောင်းပါမှ ပြည့်စုံတော့မှာပေါ့။

ဦးအုံးဖေ – ခင်ဗျားက စက်မှုဖွံ့ဖြိုးရေးဆောင်းပါးတွေ ရေးနေတဲ့ စာရေးဆရာဆိုတော့၊ ခင်ဗျား စပြောစေချင်လို့ ကျုပ်မပြောဘဲ တမင်ချန်ခဲ့တာပါဗျာ။ ကျုပ်မမေ့ပါဘူး။ ကဲ–စက်မှုဖွံ့ဖြိုးရေး အကြောင်းစပြီး ဆွေးနွေးကြရအောင်။

စာရေးသူ – ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ် တည်ဆောက်ဖို့ဆိုရင် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုက အဓိကျတယ်ဗျ။ ဒါကြောင့် စိုက်ပျိုးရေးကို အခြေခံတဲ့ စက်မှုနိုင်ငံအဖြစ် ကူးပြောင်းဖို့ နိုင်ငံတော်အကြီးအကဲက ဦးတည်ချက်တွေ၊ မူဝါဒတွေ၊ လမ်းညွှန်ချက်တွေ ချမှတ်ပေးပြီး အရှိန်အဟုန်နဲ့ အကောင်အထည်ဖော်စေခဲ့တာ ခုဆိုရင် စက်မှုလုပ်ငန်းတွေ နေ့ချင်း၊ ညချင်း ဖွံ့ဖြိုးတိုးတက်နေပြီလေ။ ၁၉၉၅ ခုနှစ်ကစပြီး ဒေသအနှံ့ ပြန့်ကျဲနေတဲ့ စက်မှုလက်မှုလုပ်ငန်းတွေကို စုစည်းပြီး စက်မှုဇုန်ကြီးတွေ ထူထောင်ပေးလို့လဲ စက်မှုဇုန်ကြီး ၁၉ ဇုန် ပေါ်ပေါက်နေပြီပဲ။

ဦးအုံးဖေ – ဟုတ်တယ်ဗျို့။ ကျုပ်တို့ ဧရာဝတီ အနောက်ဘက်ခြမ်းမှာ ဆိုရင်လဲ ရွှေဘို စက်မှုဇုန်၊ ကလေးစက်မှုဇုန်၊ ပခုက္ကူ စက်မှုဇုန်တွေ တည်ရှိနေပြီလေ။ ကျုပ် ဒေသ ပခုက္ကူ စက်မှုဇုန်မှာဆိုရင် ပုဂ္ဂလိက စက်မှုလုပ်ငန်း ၂၄၇ ခုရှိပြီး ရင်းနှီးမြှုပ်နှံမှုပမာဏက ၄၇၇ ဒသမ ၀၆ ကျပ်သန်းတောင် ရှိတာ။ နှစ်စဉ် ကုန်ထုတ်လုပ်မှုတန်ဖိုးကလဲ ကျပ်သန်း ၅၅၀ နီးပါးတောင်ရှိတယ်ဆိုပဲ။ ထုတ်ကုန်အမည် (အမယ်)သစ်တွေလဲ တိုးတက်ထုတ်လုပ်နိုင်ပြီး ဂျစ်ကားတွေတောင် ထုတ်လုပ်နေပြီ မဟုတ်လားဗျာ။

စာရေးသူ – မှန်ပါတယ်။ နိုင်ငံတော်အစိုးရက စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စနစ်တကျ စီမံကိန်းချဆောင်ရွက်ခဲ့တာ ခုဆိုရင် နိုင်ငံပိုင်စက်ရုံ ၁၉၂ ရုံ တိုးလာလို့ ၈၃၃ ရုံတောင် ရှိသွားပါပြီ။ နောက်ပြီး အရင်ခေတ်တွေက မရှိခဲ့ဖူးတဲ့ ပုဂ္ဂလိက စက်ရုံတွေမျိုး ခုဆိုရင် ၈၄၆၃ ရုံတောင် တည်ရှိနေပြီလေ။ အငယ်စားစက်မှု လုပ်ငန်းတွေပါ ထည့်တွက်လိုက်ရင် တစ်နိုင်ငံလုံး ပုဂ္ဂလိက စက်မှုလုပ်ငန်းပေါင်း ၄၂၇၉၃ ခုတောင်ရှိသွားပြီဗျ။ အဲဒီလို နိုင်ငံပိုင်စက်ရုံတွေနဲ့ ပုဂ္ဂလိက စက်ရုံတွေ အရေအတွက်ရော၊ ထုတ် လုပ်မှုပမာဏပါ တိုးတက်ခဲ့လို့လဲ နိုင်ငံတော်အနေနဲ့ စက်မှုလက်မှုကဏ္ဍမှာ နှစ်စဉ် ၂၀ ရာခိုင်နှုန်းကျော် တိုးတက်နေပြီလို့ သိရတယ်ဗျ။

ဦးအုံးဖေ – ကျုပ်က ကနောင်ဂျာနယ် အမြဲဖတ်နေတဲ့သူပါဗျာ။ ကနောင်ဂျာနယ်မှာ မပြတ်ဖော်ပြပေးနေတဲ့ ပုဂ္ဂလိကစက်မှု လုပ်ငန်း မှတ်ပုံတင်မှု အခြေအနေ စာရင်းအရ ပြောရရင် စစ်ကိုင်းတိုင်းမှာ ပုဂ္ဂလိက စက်မှုလုပ်ငန်း ၄၄၇၂ ခုရှိပြီး စစ်ကိုင်းတိုင်းဟာ ပြည်နယ်တိုင်းအားလုံးရဲ့ စက်မှုလုပ်ငန်း အရေအတွက်အများဆုံး စာရင်းရဲ့ ပဉ္စမနေရာမှာ ရှိနေပြီလေ။ ဒါကိုကြည့်ရင် ကျုပ်တို့ ဧရာဝတီ အနောက်ဘက်ခြမ်းရဲ့ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို ခန့်မှန်းလို့ ရတာပေါ့။

စာရေးသူ – ဒါတင်ဘယ်ကဦးမလဲ၊ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှုနဲ့ ဧရာဝတီမြစ် အနောက်ဘက်ခြမ်း ဒေသကြီးတစ်ခုလုံး ဖွံ့ဖြိုးဖို့အတွက် အမှတ်(၁) စက်မှုဝန်ကြီးဌာနက တည်ဆောက်ပေးနေတဲ့ စီမံကိန်းဝင် စက်ရုံကြီးတွေလဲ ရှိသေးတယ်လေ။ အဲဒီ စက်ရုံကြီးတွေအားလုံး တည်ဆောက်ပြီးတော့မယ်။

ဦးအုံးဖေ – ပခုက္ကူ၊ ပွင့်ဖြူ၊ ဆားလင်းကြီးမှာ တည်ဆောက်နေတဲ့ ချည်မျှင်နဲ့အထည် စက်ရုံကြီးတွေကို ပြောတာ မဟုတ်လား။ ပွင့်ဖြူ ချည်မျှင်နှင့် အထည်စက်ရုံကြီးဆိုရင် ၁၈–၃–၂၀၀၅ ရက်နေ့ကပဲ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့တာ။ သတင်းစာတွေထဲ တွေ့လိုက်ရတယ်လေ။ ကျန်တဲ့ စက်ရုံကြီးနှစ်ရုံလဲ ဆက်တိုက်ဖွင့်တော့မယ်လို့ ကြားတယ်။ နောက်ပြီး အဲဒီစက်ရုံကြီး သုံးရုံအတွက် ကုန်ကြမ်း မပြတ်လပ်ဖို့ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းမှာ သရက်မြို့က ဆားလင်းကြီးမြို့အထိ 'ဝါအထွက်တိုးဇုန်ကြီး' တစ်ခု ထူထောင်ပြီးပြီလို့လဲ သိရတယ်ဗျ။

စာရေးသူ – ချည်မျှင်နှင့် အထည်စက်ရုံကြီးတွေတင်မက သေးပါဘူး။ တန် ၂၀၀ ပျော့ဖတ်စက်ရုံကြီးတစ်ရုံ ဧရာဝတီတိုင်း သာပေါင်းမြို့နယ်မှာ စက်မှု(၁)က တည်ဆောက်နေတာ မကြာခင် ဖွင့်လှစ်နိုင်တော့မယ် ဆိုပဲ။ အဲဒီ စက်ရုံကြီးဟာ မြန်မာပြည်မှာ အကြီးဆုံး စက်ရုံကြီးလို့ သိရတယ်။ ဒေသထွက် သဘာဝ သယံဇာတဖြစ်တဲ့ ခါးရင်ဝါးကို ကုန်ကြမ်းအနေနဲ့ အသုံးပြုပြီး စက္ကူဖြူ၊ စက္ကူချောတွေ ထုတ်လုပ်ဖို့ ပျော့ဖတ်တွေ ထုတ်လုပ်ပေးမယ်ဆိုပဲ။

ဦးအုံးဖေ – ဒါဆို ကျုပ်တို့တိုင်းပြည်မှာ နိုင်ငံခြားငွေနဲ့ ဝယ်ယူနေရတဲ့ စက္ကူဖြူ၊ စက္ကူချောတွေ ပြည်တွင်းမှာ ထွက်တော့မှာပေါ့နော်။ ကျုပ်တို့စာရေးဆရာတွေနဲ့ စာဖတ်သူတွေ အတွက်တော့ ဒီသတင်းက မင်္ဂလာသတင်း ပါပဲဗျာ။ ဩော်–ဒါနဲ့ စက်မှု(၁)က ဧရာဝတီ အနောက် ဘက်ခြမ်းဒေသတွေမှာ ဝင်းသူဇာ အရောင်းဆိုင်ကြီးတွေ တစ်ဆိုင်ပြီး တစ်ဆိုင် ဖွင့်လှစ်နေတဲ့ သတင်းတွေကလဲ အလွှံ့ အပယ်ပါပဲလား။ ခုဘယ်နှဆိုင် ရှိသွားပြီလဲ။

စာရေးသူ – ဒါလဲ နိုင်ငံတော်အကြီးအကဲရဲ့ စေတနာပဲပေါ့ဗျာ။ လူနေမှုအဆင့်အတန်း မြင့်မားပြီး ဆင်းရဲနွမ်းပါးမှုကျဆင်းဖို့အတွက် စားဝတ်နေရေးဟာ အခြေခံ အကျဆုံးမဟုတ်လား။ အဲဒီ စားရေး၊ ဝတ်ရေး၊ နေရေးနဲ့ သက်ဆိုင်တဲ့ ကုန်ပစ္စည်းတွေ အဓိကထားထုတ်လုပ်ပေးနေတဲ့ စက်မှု(၁)ကို ထုတ်လုပ်သူအဖြစ်နဲ့ သာမက ရောင်းချသူအဖြစ်နဲ့ပါ နိုင်ငံတော်အကြီးအကဲက တာဝန်ပေးလို့ စက်မှု(၁)ဝန်ကြီးကိုယ်တိုင် ဦးဆောင် ကြီးကြပ်ပြီး ဝင်းသူဇာအရောင်းဆိုင်တွေ ဖွင့်လှစ်ရောင်းချခဲ့တာ ခုဆို ရန်ကုန်မြို့မှာ ၁၃ ဆိုင်၊ နယ်မြို့ကြီးတွေမှာ ၁၉ ဆိုင် ဖွင့်ပြီးသားဗျ။ ဦးလေးအုံးပြောတဲ့ ဧရာဝတီ အနောက်ဘက်ခြမ်းဒေသမှာ မကြာသေးခင်က ဖွင့်ခဲ့တဲ့ ဝင်းသူဇာ အရောင်းဆိုင် ၁၁ ဆိုင်ဆိုတာက ပြီးခဲ့တဲ့ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုတဲ့ အနေနဲ့ ဖွင့်လှစ်ခဲ့တဲ့ ဆိုင်အသစ်တွေလေ။ အရင်က ဖွင့်လှစ်ထားတဲ့ ထီးလင်းမြို့နဲ့ ဂန့်ဂေါမြို့က ဆိုင်နှစ်ဆိုင်နဲ့ဆိုရင် ၁၃ ဆိုင် ရှိသွားပါပြီ။

ဦးအုံးဖေ – ဖွင့်ပွဲသတင်းတွေကို သတင်းစာတွေထဲမှာတော့ နေ့စဉ်ရက်ဆက် ဆိုသလို တွေ့လိုက်ရတယ်။ ကျုပ်တို့ ဧရာဝတီ အနောက်ဘက်ခြမ်းရဲ့ ဖွံ့ဖြိုးရေးသတင်း ဆိုတော့ စိတ်ဝင်စားတယ်ဗျ။ ဘယ်တိုင်း၊ ဘယ်မြို့နယ်တွေမှာ ဘယ်နေ့တွေက ဖွင့်ခဲ့တယ်ဆိုတာ မှတ်သားထားရအောင် ရှင်းပြပေးပါဦး။

စာရေးသူ – စစ်ကိုင်းတိုင်း မုံရွာခရိုင် ယင်းမာပင်မြို့၊ ဆားလင်းကြီးမြို့နဲ့ ပုလဲမြို့များမှာ သုံးဆိုင်။ မကွေးတိုင်း ဂန့်ဂေါခရိုင် ထီးလင်းမြို့၊ ဆောမြို့နဲ့ ဂန့်ဂေါမြို့များမှာ သုံးဆိုင်။ မကွေးတိုင်း ပခုက္ကူခရိုင် ပေါက်မြို့၊ ကျောက်ထုမြို့၊ ဆိပ်ဖြူမြို့၊ မြိုင်မြို့၊ ရေစကြိုမြို့များမှာ ငါးဆိုင်။ မကွေးတိုင်း သရက်ခရိုင် မင်းတုန်းမြို့မှာ တစ်ဆိုင်နဲ့ မကွေးတိုင်း မင်းဘူးခရိုင် ပဒါန်းမြို့မှာ တစ်ဆိုင်။ စုစုပေါင်း ၁၃ ဆိုင်ပါ။ ဒီဆိုင်တွေကို ၂၄–၃–၂၀၀၅ ရက်နေ့က ၈–၄–၂၀၀၅ ရက်နေ့အတွင်း ၁၆ ရက်နဲ့အပြီး ဖွင့်လှစ်ခဲ့တာပါ။

ဦးအုံးဖေ – သတင်း ကြားရတာတော့ ဆိုင်ဖွင့်တဲ့နေ့တွေမှာ ဈေးဝယ်သူတွေ ကြိတ်ကြိတ်တိုးဆိုပဲ။

စာရေးသူ – ကြိတ်ကြိတ်တိုးဆို ဖွင့်ပွဲနေ့ တစ်နေ့ရောင်းအားကို ကြည့်ရင်ပဲ သိနိုင်ပါတယ်။ အဲဒီစာရင်း ကျွန်တော့်ဆီမှာ ပါတယ်လေ။ ကျွန်တော်ဖတ်ပြမယ်။ ဖွင့်ပွဲနေ့တွေက ဆောမြို့ ဝင်းသူဇာအရောင်းဆိုင်မှာ ကျပ် ၁၃ သိန်းကျော်၊ ပေါက်မြို့ ဝင်းသူဇာအရောင်းဆိုင်မှာ ကျပ် ၁၇ သိန်းကျော်၊ ကျောက်ထုမြို့ ဝင်းသူဇာ အရောင်းဆိုင်မှာ ကျပ်လေးသိန်းခွဲကျော်၊ ဆိပ်ဖြူမြို့ ဝင်းသူဇာ အရောင်းဆိုင်မှာ ကျပ်ခြောက်သိန်းကျော်၊ မြိုင်မြို့ ဝင်းသူဇာ အရောင်းဆိုင်မှာ ကျပ်ခြောက်သိန်းကျော်၊ ရေစကြိုမြို့ ဝင်းသူဇာအရောင်းဆိုင်မှာ ကျပ် ၄၁ သိန်းကျော်၊ မင်းတုန်းမြို့ ဝင်းသူဇာ အရောင်းဆိုင်မှာ ကျပ် ၂၆ သိန်းကျော်၊ ပဒါန်းမြို့ ဝင်းသူဇာအရောင်းဆိုင်မှာ ကျပ် ရှစ်သိန်းခွဲခန့်၊ ယင်းမာပင်မြို့ ဝင်းသူဇာ အရောင်းဆိုင်မှာ ကျပ် ၂၆ သိန်းကျော်၊ ဆားလင်းကြီးမြို့ ဝင်းသူဇာ အရောင်းဆိုင်မှာ ကျပ် ၁၆ သိန်းကျော်နဲ့ ပုလဲမြို့ဝင်းသူဇာ အရောင်းဆိုင်မှာ ကျပ်သိန်း ၂၀ ကျော်ဖိုး ရောင်းချခဲ့ရတယ် ခင်ဗျ။

ဦးအုံးဖေ – စက်မှု(၁) ဝင်းသူဇာအရောင်းဆိုင် တွေက လူသုံးကုန်ပစ္စည်းတွေဟာ အရည်အသွေး ကောင်းပြီး ဈေးနှုန်းချိုသာတယ်။ ဒါကြောင့် ကျုပ်ဆိုရင် ဝင်းသူဇာဆိုင်မှာဝယ်လို့ မရတဲ့ပစ္စည်းမှ အပြင်ဆိုင်မှာ ဝယ်တယ်။ ခုလိုစက်မှု(၁)က အဝတ်အထည်နဲ့ လူသုံးကုန်ပစ္စည်းတွေကို ကျုပ်တို့ဒေသမှာ ဈေးနှုန်းချိုချိုနဲ့ ဆိုင်ဖွင့်ရောင်းချပေးတာကို ဒေသခံလူထုက အိမ်တိုင်ရာရောက် လာရောင်းချပေးသလို ခံစားနေကြရပြီး သိပ်ကို ဝမ်းသာနေကြပါတယ်။ အစက ဒီလိုကုန်ပစ္စည်းမျိုးတွေဆိုတာ မြို့ကြီးတွေရောက်မှ တွေ့ဖူးတာလို့ ပြောသူကပြော။ ဒီဆိုင်အမြဲတမ်းဖွင့်ထားမှာကိုပဲ မယုံတစ်ဝက် ယုံတစ်ဝက်နဲ့ နောက်မရမှာစိုးလို့ဆိုပြီး အများကြီးဝယ်သူကဝယ်။ မောင်မြန်မာစက်ဘီး တစ်စီးမှ ကျပ် ၂၀၀၀၀ ကျော်ထဲရယ် တန်လိုက်တာဟယ်လို့ ဆိုသူကဆို။ ကုန်ပစ္စည်းအမည် (အမယ်)တွေစုံနေတာကို သဘောကျသူကကျနဲ့ သူတို့ပြောသံဆိုသံတွေက ကျုပ်နားနဲ့ မဆံ့နိုင်အောင်ပါပဲ။

စာရေးသူ – ဟုတ်ပါတယ်။ မင်းတုန်းမြို့ ဝင်းသူဇာ အရောင်းဆိုင်ဖွင့်တဲ့နေ့ တစ်နေ့တည်းမှာပဲ မောင် မြန်မာစက်ဘီး ၂၅ စီးတောင် ရောင်းချခဲ့ရပါတယ်။ အမျိုးအမည်စုံတဲ့ ဆပ်ပြာတွေနဲ့ အရောင်အသွေး ဒီဇိုင်းစုံလှတဲ့ ပန်းရိုက်ထည်တွေကိုလဲ ဒေသခံလူတွေ ကြိုက်နှစ်သက်နေကြတယ်လို့ သိရတယ်။

ဦးအုံးဖေ – စက်မှု(၁)က ထုတ်လုပ်သူ အနေနဲ့ရော ရောင်းချသူ အနေနဲ့ပါ တာဝန်ယူရတော့ တော်တော့်ကိုအလုပ်များမှာပဲနော်။ အရောင်းဆိုင်လုပ်ငန်းဆိုတာကလဲ အလုပ်က များပါဘိသနဲ့။ ဝင်းသူဇာအရောင်းဆိုင်တွေ ရေရှည်တည်တံ့ဖို့ကိုတော့ ကျုပ်တို့ဒေသခံတွေ ဆုတောင်းနေလေရဲ့။

စာရေးသူ – ဒီအတွက်တော့ မပူပါနဲ့ခင်ဗျာ။ အစည်းအဝေးတိုင်းမှာလဲ ဝန်ကြီးက ဝင်းသူဇာဆိုင်တွေမှာ ပစ္စည်းမပြတ်လပ်ဖို့၊ ဆိုင်အခင်းအကျင်း သေသပ်လှပဖို့၊ ဈေးဝယ်လာသူတွေကို ယဉ်ကျေးပျူငှာစွာ ပြောဆိုဆက်ဆံဖို့နဲ့ မသမာမှုများ မပြုလုပ်နိုင်အောင် ထိန်းသိမ်း ကြပ်မတ်ဖို့ အမြဲသတိပေးမှာကြားပြီး ဝန်ကြီးကိုယ်တိုင်လဲ ဆိုင်တွေကို မပြတ်လှည့်လည် စစ်ဆေးလျက်ရှိပါတယ်။

ဦးအုံးဖေ – သာဓုဗျာ သာဓု သာဓု။ ဝင်းသူဇာရဲ့ ပုံစံက ထုတ်လုပ်သူကိုယ်တိုင်ရောင်းချရတဲ့ အခွန်လွတ်ဈေးလို ပုံစံမျိုးပဲပေါ့။ အရင်တုန်းက ထုတ်လုပ်သူက တစ်ဦး၊ ရောင်းချသူက တစ်ဦးဆိုတော့ ကြားခံ အဆင့်များပြီး ကုန်စည်စီးဆင်းမှု ကြန့်ကြာတာတို့၊ ဈေးနှုန်း မကြီးသင့်ဘဲ ကြီးတာတို့၊ ကုန်ပစ္စည်းလေလွင့်ဆုံးရှုံးမှုများ မဖြစ်ပေါ်သင့်ဘဲ ဖြစ်ပေါ်တာတို့၊ ကုန်ပစ္စည်း လတ်ဆတ်သန့်ရှင်းမှု ရှိသင့်လျက်နဲ့ မရှိတာတို့ ဖြစ်ခဲ့တာပေါ့နော်။

စာရေးသူ – ဟုတ်ကဲ့။ ဝင်းသူဇာအရောင်းဆိုင်ဖွင့်ရတဲ့ ရည်ရွယ်ချက်တွေက ကြီးမားပါတယ်။ အဲဒီ ရည်ရွယ်ချက်တွေကို ကျွန်တော်ရှင်းပြမယ်နော်။ (၁)ဈေးနှုန်းချိုသာပြီး အရည်အသွေးကောင်းတဲ့ ကုန်ပစ္စည်းတွေ လွယ်လင့်တကူ ဝယ်ယူ ရရှိနိုင်ဖို့၊ (၂) အဆင့်မြင့်အဝတ်အထည်များနဲ့ လူသုံးကုန်ပစ္စည်းများ သုံးစွဲလာ နိုင်ခြင်းဖြင့် လူနေမှုအဆင့်အတန်း မြင့်မားလာစေဖို့၊ (၃)သွင်းကုန်အစားထိုးဖို့နဲ့ ပြည်တွင်းဖြစ်ကို ပြည်သူတွေ တွင်ကျယ်စွာ အားပေးနိုင်ဖို့၊ (၄)ကုန်ဈေးနှုန်း တည်ငြိမ် ကျဆင်းဖို့၊ (၅)နိုင်ငံခြားငွေ သက်သာပြီး ပြည်တွင်း ကျပ်ငွေတန်ဖိုး မြင့်တင်နိုင်ဖို့နဲ့ (၆)ထုတ်လုပ်သူနဲ့ စားသုံးသူ တိုက်ရိုက်ထိတွေ့ဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေပဲပေါ့ဗျာ။

ဦးအုံးဖေ – ဟုတ်ပြီဗျို့။ နိုင်ငံတော်အကြီးအကဲရဲ့ စေတနာ၊ နိုင်ငံတော်အကြီးအကဲရဲ့လမ်းညွှန်မှုနဲ့ စက်မှု(၁)က ဖွင့်လှစ်ပေးနေတဲ့ ဝင်းသူဇာ အရောင်းဆိုင်တွေဟာ ကျုပ်တို့ ဧရာဝတီမြစ် အနောက်ဘက်ကမ်းပေါ်က ပဒေသာပင်တွေပဲလို့ ကျုပ် တင်စားလိုက်ချင်တယ်ဗျာ။ ။

စာမျက်နှာ ၉ မှ

အလုပ်အကိုင်အခွင့်အလမ်း

ယခုကဲ့သို့ စီမံဆောင်ရွက်ပေးလိုက်ခြင်းကြောင့် တစ်ဖက်မှာလည်း လယ်ယာသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာသည်နှင့်ဆက်နွှယ်ပြီး စိုက်ပျိုးသူတောင်သူများ၏ ဝင်ငွေတွေမြင့်မားလာမည့်အပြင် ရောင်းဝယ်ဖောက်ကားသယ်ယူပို့ဆောင်ကြိတ်ခွဲမှုလုပ်ငန်းများ အဆက်အစပ် တစ်လျှောက် အကျိုးဖြစ်ထွန်းမှုများနှင့်အတူ ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးတက်လာတော့မှာဖြစ်ကြောင်း။

ထို့ကြောင့် ဤဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ပေးလိုက်သည့် ရေလှောင်တမံကြီး ရေရှည်တည်တံ့ အကျိုးပြုစေရန် ဒေသနေပြည်သူများက နောင်သားစဉ်မြေးဆက် ဆက်လက်အကျိုးခံစားသွားနိုင်အောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရန် ဖြစ်ကြောင်း၊ ဒေသခံများအနေဖြင့် ရေဝေရေလဲဒေသစိမ်းလန်းစိုပြည်ရေးကို ဝိုင်းဝန်းဆောင်ရွက်ပေးကြပြီး ဤရေလှောင်တမံကဆည်ရေကို မိမိတို့ အကျိုးစီးပွားအတွက် အစဉ်တည်တံ့အသုံးချသွားနိုင်ရအောင် စနစ်တကျ သုံးစွဲလုပ်ကိုင်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က အမှာစကားပြောကြားရာတွင် ကွန်ချောင်းရေလှောင်တမံဖွင့်လှစ်နိုင်ခြင်းအားဖြင့် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်(၄)ရပ်အနက် ပထမအချက်ဖြစ်သည့် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် လက်ရှိစိုက်ဧကကို အပြည့်အဝစိုက်ပျိုးပြီး စိုက်ဧကတိုးချဲ့စိုက်ပျိုးရန်၊ သီးနှံများပန်းတိုင်အထွက်တိုးရရှိအောင် ကြိုးစားဆောင်ရွက်သွားရန်၊ တစ်သီးမှ နှစ်သီး သုံးသီးစသည်ဖြင့် သီးထပ်စွမ်းအား တိုးတက်အောင်ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်သော ကွန်ချောင်းရေလှောင်တမံစီမံကိန်းမှ ဟင်္သာတခရိုင်အတွင်း စိုက်ပျိုးမြေဧရိယာဧကနှစ်သောင်းအပေါ် ရေရရှိရေးကို အကျိုးပြုစေမည့် လုပ်ငန်းအဖြစ် ပေါ်ထွန်းလာပြီ ဖြစ်ကြောင်း၊ ထို့အပြင် ဧရာဝတီတိုင်းအတွင်း တည်ဆောက်ဆဲဖြစ်သော ကညင်ချောင်း ရေလှောင်တမံ၊ မမြရေလှောင်တမံများကို တည်ဆောက်ပြီးခဲ့ပြီး ဆည်ရေများရရှိလာပါက နွေစပါး၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံအပါအဝင် ဒေသတွင်း သီးနှံစိုက်ဧကစုစုပေါင်း၅၀၀၀၀ကျော် တိုး၍ စိုက်ပျိုးလာနိုင်မှာဖြစ်ကြောင်း။

ပိုမိုတိုးတက်

ရေရရှိရေး လုပ်ငန်းအဖြစ် မြစ်ရေတင်စီမံကိန်းများကို ဧရာဝတီတိုင်းအတွင်း ကန်ဇွန်းခုံလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ငပိဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ဗမော်သုံးခွ လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ဒါးကလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ မြို့ကွင်းလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ မြစ်ကျိုးလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ကျုံစုတ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းများကို ဆောင်ရွက်လျက်ရှိရာ တည်ဆောက်ပြီးနှင့်တည်ဆောက်ဆဲစီမံကိန်းများ ပြီးစီးသည့်အခါ ဧရာဝတီတိုင်း၏ မိုးစပါး၊ နွေစပါးနှင့် ပဲမျိုးစုံ စိုက်ပျိုးရေးအခြေအနေ များစွာတိုးတက်လာမှာဖြစ်ကြောင်း၊ ၂၀၀၄-၂၀၀၅ ခုနှစ်မှာ မိုးစပါး ၃၅၀၈၂၉၁ ဧကစိုက်ပျိုးရာမှ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် မိုးစပါးစိုက်ဧက ၃၆ သိန်း ပြည့်မီအောင်တိုးချဲ့စိုက်ပျိုးသွားမှာဖြစ်သကဲ့သို့ နွေစပါးစိုက်ပျိုးရေးတွင်လည်း တိုးချဲ့ဖွင့်လှစ်မည့် မြစ်ရေတင်စီမံကိန်းနှင့် ဆည်များက ရရှိရေဖြင့် နွေစပါးစိုက်ဧကများ တစ်နှစ်ထက်တစ်နှစ် ပိုမိုစိုက်ပျိုးသွားနိုင်မှာဖြစ်ကြောင်း၊ ပဲမျိုးစုံစိုက်ပျိုးမှုနှင့် ပတ်သက်၍ ၂၀၀၃-၂၀၀၄ စိုက်ပျိုးရာသီတွင် ၁၄ဒသမ၂ သိန်းစိုက်ပျိုးခဲ့ပြီး ၂၀၀၄-၂၀၀၅ စိုက်ပျိုးရာသီမှာ ၁၅ဒသမ၂၈သိန်း စိုက်ပျိုးနိုင်ခဲ့၍ တစ်သိန်းတိုးချဲ့စိုက်ပျိုးလာနိုင်ခဲ့ကြောင်း၊ ထိုကဲ့သို့ ဧရာဝတီတိုင်း၏ လယ်ယာကဏ္ဍစိုက်ပျိုးရေး တိုးတက်လာသည်နှင့်အညီ နိုင်ငံတော်၏ စီးပွားရေးအခြေအနေလည်း ပိုမိုတိုးတက်လာမှာဖြစ်ကြောင်း။

မွေးမြူရေးကဏ္ဍအနေဖြင့် ဧရာဝတီတိုင်းတွင် ပုစွန်ကန်ဧက ၄၀၂၇၄ ဧက၊ ငါးမွေးကန် ၉၄၇၃၂ဒသမ၈၈၀ ဧက မွေးမြူနိုင်သည့်အပြင် ငဝန်မြစ်အတွင်း လှောင်အိမ်စနစ်ဖြင့် ငါးတန်မွေးမြူရေး၊ စပါးခင်းများထဲ ငါးမျိုးစိုက်ထည့်မှုများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကြက်မွေးမြူရေးမှာဆိုလျှင် ကြက်ကောင်ရေ ၁၀၂၂၅၄၂၉ ကောင် မွေးမြူခဲ့ပြီးဖြစ်ကြောင်း။

ပူးပေါင်းပါဝင်စိုက်ပျိုး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး၏ ၂၀၀၄ ခုနှစ် နိုဝင်ဘာလအတွင်း လာရောက်သည့် ဧရာဝတီတိုင်းခရီးစဉ်တွင် ဧရာဝတီတိုင်းသည် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ တိုးတက်မှုရှိသော်လည်း စက်မှုကဏ္ဍတိုးတက်ရန်လိုနေသေးကြောင်း၊ စက်မှုကဏ္ဍတိုးတက်ရန်အတွက် စက်မှုကုန်ကြမ်းသယံဇာတများဖြစ်သည့် ဝါး၊ ရော်ဘာစသည့် စက်မှုကုန်ကြမ်းများ တိုးချဲ့စိုက်ပျိုးရန် လမ်းညွှန်ခဲ့၍ ဧရာဝတီတိုင်းတွင် ရော်ဘာဧက ၁၀၀၀၀၀ ကို ရေမြေသယံဇာတကိုက်ညီသော မြို့နယ်ခြောက်မြို့နယ်တွင် ၂၀၀၅-၂၀၀၆ ခုနှစ်မှာ ဧက ၁၂၅၀၊ ၂၀၀၆-၂၀၀၇ ခုနှစ်မှာ ဧက ၄၅၀၀၀၊ ၂၀၀၇-၂၀၀၈ ခုနှစ်မှာ ဧက ၅၃၇၅၀ စုစုပေါင်း ဧက ၁၀၀၀၀၀ ကို ကုမ္ပဏီလုပ်ငန်းရှင်များ၊ ဒေသခံတပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ကျေးရွာလူထုများပူးပေါင်းပါဝင်၍ စိုက်ပျိုးဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ပြောကြားလိုကြောင်း။

နိုင်ငံတော်၏လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူတစ်ဦးချင်းဝင်ငွေတိုးပြီး လူနေမှုအဆင့်အတန်းမြင့်မားလာရေး၊ ဒေသဆန်ဖူလုံရေးတို့ကို လက်တွေ့ကျကျဦးဆောင်၍ စေတနာထား ဆောင်ရွက်ပေးနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် နိုင်ငံတော်အစိုးရအား အထူးကျေးဇူးတင်ရှိပါကြောင်း၊ ဧရာဝတီတိုင်းသားများအနေနှင့် နိုင်ငံတော်၏ကျေးဇူးကို တုံ့ပြန်သောအားဖြင့် နိုင်ငံတော်က ပေးအပ်ထားသော ရည်မှန်းချက်တာဝန်များ ရာနှုန်းပြည့် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်က ငွေကြေးမြောက်မြားစွာ အကုန်အကျခံတည်ဆောက်ထားသော ဤရေလှောင်တမံကြီး ရေရှည်တည်တံ့ခိုင်မြဲ၍ ရေအရင်းအမြစ်များကို အကျိုးရှိစွာ ဖြန့်ဝေသုံးစွဲနိုင်ရေး၊ သီးနှံအလိုက် တစ်ဧကအထွက်နှုန်းတိုးရေး၊ တစ်သီးမှ နှစ်သီး၊ သုံးသီးစိုက်ပျိုးနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသွားသည်။

၂၀၀၄ခုနှစ် အာဆီယံဓာတ်ပုံပြပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ
ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ဆုရရှိသူများအားဆုများချီးမြှင့်

ရန်ကုန် မေ ၂၇

၂၀၀၄ခုနှစ် အာဆီယံဓာတ်ပုံပြပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်၍ အမှာစကားပြောကြားပြီး (အပေါ်ပုံ) **မြန်မာနိုင်ငံမှ ဆုရရှိကြသူများအား ဆုများချီးမြှင့်သည်။**

အဆိုပါအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်မြို့ရှိ အာဆီယံနိုင်ငံသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ဓာတ်ပုံပညာရှင်ကြီးများ၊ မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အမှာစကားပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက Myanmar National (Category A) ပြိုင်ပွဲ၌ ဆုရရှိကြသည့် ပြည့်ဖြိုးအောင်၊ ရဲအောင်ထူး၊ ဇေယျာထွန်း၊ နိုင်ဇော်လင်းနှင့် အောင်ပိုင်တို့အား လည်းကောင်း၊ Myanmar National (Category B) ပြိုင်ပွဲ၌ ဆုရရှိကြသည့် အောင်ဆန်းဝင်း(ရွှေအင်းသား)၊ လင်းထင်၊ အေ၊ ကေ၊ မိုး (သတ္တဗေဒ)၊ မန်းတက္ကသိုလ်နေမျိုးဝင်းနှင့် ခင်မောင်မြင့်တို့အားလည်းကောင်း၊ Regional Level (Category A) ပြိုင်ပွဲ၌ ဒုတိယဆုရရှိသည့် ပြည့်ဖြိုးအောင်အားလည်းကောင်း၊ Regional Level (Category B) ပြိုင်ပွဲ၌ တတိယဆုရရှိသည့် အေ၊ ကေ၊ မိုး (သတ္တဗေဒ)အား လည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဆုရရှိကြသူများကိုယ်စား အေ၊ကေ၊မိုး(သတ္တဗေဒ)က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများသည် ဆုရရှိကြသူများနှင့် စုပေါင်း၍ သံရုံးမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဆုရဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

ဆက်လက်၍ ကွန်ချောင်းရေလှောင်တမံ အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းကြောင့် နိုင်ငံတော်အစိုးရအားကျေးဇူးတင်ရှိပါကြောင်းဖြင့် ဒေသခံပြည်သူများကိုယ်စား ကြံခင်းမြို့မှ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အမွှေးနံ့သာရည်ပက်ဖျန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖဲကြိုးဖြတ်ဖွင့်လှစ်မည့် ပင်မတမံအဝင်မုခ်ဦးရှေ့၌ နေရာယူကြသည်။

ယင်းနောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ကွန်ချောင်းရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီးဗိုလ်ချုပ်ဌေးဦးတို့က ကွန်ချောင်းရေလှောင်တမံမော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့သည် ကွန်ချောင်းရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စီမံကိန်းမှ တာဝန်ရှိသူများ၊ ဒေသခံများနှင့်အတူ ဖွင့်ပွဲမုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကွန်ချောင်းရေလှောင်တမံ၏ ပင်မတမံကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကွန်ချောင်းရေလှောင်တမံ၏ ရေထိန်းမျှော်စင်နှင့် ရေလှောင်တမံ၏ ရေသိုလှောင်ထားမှု အခြေအနေ၊ တမံအနီး စိမ်းလန်းစိုပြည်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကွန်ချောင်းရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက ကွန်ချောင်းရေလှောင်တမံ စီမံကိန်း တစ်ခုလုံး၏ လက်တံမြောင်းများ ဆက်လက်ဆောင်ရွက်နေမှု၊ စီမံကိန်း အကျိုးသက်ရောက်မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဧရာဝတီတိုင်း အတွင်း ဆည်ရေသောက်စနစ်ဖြင့် စပါး၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံ တိုးချဲ့စိုက်ပျိုးနိုင်ရန် စီမံထားရှိမှုတို့ နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထူးခြားသည့်တိုးတက်ဖြစ်ထွန်းမှု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဤဒေသအတွင်း ရေလှောင်တမံများ၊ မြစ်ရေတင်စီမံကိန်းများ စုဖွဲ့တည်ဆောက်ပေးခဲ့သည့် အတွက် လယ်မြေဧက တစ်သိန်းကို တစ်နှစ်ပတ်လုံး ရာသီမရွေးစိုက်ပျိုးနိုင်အောင် တစ်ဆက်တစ်စပ်တည်း ကျယ်ပြန့်စွာ စိုက်ပျိုးရေပေးဝေနိုင်တော့မည်ဖြစ်ရာ ထူးခြားသည့် တိုးတက်ဖြစ်ထွန်းမှုပင် ဖြစ်ကြောင်း။

မူလကပင် လယ်အသားကျပြီး စိုက်ပျိုးဖြစ်ထွန်းပြီးဖြစ်သည့် မြေဧကတစ်သိန်းကျော်မှာ ရာသီမရွေးစိုက်ပျိုးနိုင်သည့် အဖိုးတန်သယံဇာတ လယ်မြေများအဖြစ် ပေါ်ထွန်းလာပြီဖြစ်သဖြင့် စိုက်ပျိုးရေးတိုးချဲ့မြှင့်တင်ရေး၊ ဆည်ရေပေးဝေရေး၊ စိုက်ပျိုးရေစီမံခန့်ခွဲရေး၊ စိုက်ပျိုးရေးနည်းပညာ ဖြန့်ဝေရေးတို့အတွက် စနစ်တကျစီမံဆောင်ရွက်ပြီး နမူနာယူနိုင်မည့် စံပြနယ်မြေကြီးတစ်ရပ် ဖြစ်ထွန်းလာခြင်းဟုဆိုရမည်ဖြစ်ကြောင်း။

အားပေးကူညီ

ဒေသခံတောင်သူလယ်သမားကိုလည်း လက်တွန်းလယ်ထွန်စက်၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်များအသုံးချနိုင်ရေးအတွက် ပညာပေးစည်းရုံးသလိုလိုအပ်သည်များ အားပေးကူညီရမည်ဖြစ်ကြောင်း။

စက်မှုလယ်ယာအသွင် ကူးပြောင်းရေးတွင် ပုဂ္ဂလိကကဏ္ဍက တက်ကြွစွာ ပါဝင်လာစေရေးအတွက်လည်း အားပေးဆောင်ရွက်ကြရန်ဖြစ်ကြောင်းပြောကြားသည်။

ကွန်ချောင်း ရေလှောင်တမံ စီမံကိန်းကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)က ဧရာဝတီတိုင်း ဟင်္သာတခရိုင် ကြံခင်းမြို့နယ် တပ်ကုန်းကျေးရွာအနီး တာဝန်ယူတည်ဆောက်ခဲ့ပြီး ပုသိမ်-မုံရွာ ကားလမ်းမကြီးမှ သုံးမိုင်ခန့်နေရာတွင် ရှိသည်။

ကွန်ချောင်းရေလှောင်တမံမှာ မြေသားတမံအမျိုးအစားဖြစ်ပြီး ပင်မတမံအလျားပေ ၁၆၇၂၀၊ အမြင့် ၁၃၅ပေရှိသည်။ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၉၈၄၀၀ဖြစ်ပြီး ဆည်ရေပေးနိုင်သည့် ဧကမှာ ၂၀၀၀၀ဖြစ်သည်။ နွေစပါးစိုက်ပျိုးနိုင်ရန်အတွက် ရေများလွှတ်ပေးလျက်ရှိရာ ယခုနှစ်တွင် နွေစပါးဧက ၁၅၀၀ စိုက်ပျိုးထားကြောင်းသိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၄-၂၀၀၅(ကြာသပတေးနေ့)

၇:၀၀	အဖွင့် ယနေ့အစီအစဉ်
၇:၀၅	ဝါသနာရှင်စင်မြင့်
၇:၅၀	နိုင်ငံတကာသတင်း
၇:၅၅	တေးဂီတအစီအစဉ်
၈:၀၀	အသည်းရောင်အသားဝါ(ဘီ) ရောဂါအကြောင်း
၈:၁၀	တေးဂီတအစီအစဉ်
၈:၁၅	တိုင်းရင်းသားတို့အလှ စည်းလုံးခြင်းအက
၈:၂၅	ပြည်တွင်းသတင်း
၈:၃၀	ယွန်းထည်အတတ်ပညာ
၈:၅၀	UEFA-Stories Euro1976
၉:၂၅	တေးဂီတအစီအစဉ်
၉:၃၀	သတိတစ်ချက် တစ်သက်အမှား
၉:၄၀	နိုင်ငံတကာသတင်း
၉:၄၅	တေးဂီတအစီအစဉ်
၉:၅၀	မိုးလေဝသခန့်မှန်းချက်
၉:၅၅	နိုင်ငံအကျိုး သယ်ပိုးထမ်းရွက် စစ်တောင်းစက္ကူစက်
၁၀:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀	ဘိုင်းဒါးရေလှောင်တမံ
၁၀:၁၅	ပြည်တွင်းသတင်း
၁၀:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅	ကော်ဖီခါးခါးရဲ့အလှည့်
၁၀:၅၀	ဝယ်ချင်စရာမျိုးစုံလွှာ(၃)
၁၁:၀၀	အပိတ်

အထက်ပါလေးနာရီစာအစီအစဉ်များကို ညာ၂၃း၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

28-4 (12).p65 1 3/24/05, 6:09 PM

2005 Davis Cup-Asia Oceania Zone Group-IV ပြိုင်ပွဲကျင်းပ တိုင်းမှူး၊ အားကစားဝန်ကြီးနှင့် မြို့တော်ဝန်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ဒေးဗစ်ဖလားတင်းနစ်ပြိုင်ပွဲကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ် (ITF)မှ Mr. Suresh Menon တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်က အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် 2005 Davis Cup-Asia Oceania Zone Group-IV တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယကများ၊ ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ် (ITF)မှ Mr. Suresh Menon နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာတင်အောင်လင်းနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အသင်းများမှ အုပ်ချုပ်သူနှင့် နည်းပြများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဖိတ်ကြားထားသူများ၊ တင်းနစ်အားကစား ဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များက ကွင်းအတွင်း ဝင်ရောက်နေရာယူကြသည်။

ဆက်လက်၍ ဒိုင်အဖွဲ့ဝင်များနှင့်အတူ ပြိုင်ပွဲဝင်အသင်းများ ဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်၊ အီရတ်၊ ဂျော်ဒန်၊ ကာဂျစ်(စ်)တန်၊ အိုမန်၊ ဆီးရီးယား၊ စင်ကာပူ၊ တာ့ခ်မင်နစ္စတန်၊ ယူအေအီးနှင့် အိမ်ရှင် မြန်မာအသင်းတို့မှ အုပ်ချုပ်သူနှင့် နည်းပြများ၊ ပြိုင်ပွဲဝင်အားကစားသမားများက ကွင်းအတွင်း ဝင်ရောက်နေရာယူကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ထို့နောက် ၂၀၀၅ ခုနှစ် Davis Cup Oceania Zone Group IV ပြိုင်ပွဲကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်မှ Mr.Suresh Menonတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနှင့် နည်းပြများ၊ ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေအား မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ တင်အောင်လင်းက ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင် ပေးအပ်သည်။

သရုပ်ပြဖျော်ဖြေ

ဆက်လက်၍ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များက သရုပ်ပြ ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင် အားကစားသမားများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြိုင်ပွဲ ပွဲစဉ်များကို ဆက်လက်ကျင်းပသည်။

အဆိုပါဒေးဗစ်ဖလား (Davis Cup)တင်းနစ်ပြိုင်ပွဲကို မြန်မာနိုင်ငံ၌ ၁၉၅၅ ခုနှစ်က မြန်မာနှင့်ဖိလစ်ပိုင်တို့ ယှဉ်ပြိုင် ကစားခဲ့ကြဖူးသော်လည်း အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ် (ITF)၏ အသိအမှတ်ပြုပြိုင်ပွဲတစ်ရပ်ဖြစ်သည့် ဒေးဗစ်ဖလား(Davis Cup) တင်းနစ်ပြိုင်ပွဲကိုမူ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခြင်းမှာ ယခု ပထမအကြိမ်ဖြစ်ကြောင်း သိရသည်။

အခမဲ့ကြည့်ရှုနိုင်

ယခုကျင်းပသည့် အာရှဇုန်(၄) ဒေးဗစ်ဖလားတင်းနစ်ပြိုင်ပွဲသို့ အိမ်ရှင်မြန်မာ၊ ယူအေအီး၊ တာ့ခ်မင်နစ္စတန်၊ ကာဂျစ်(စ်)စတန်၊ အိုမန်၊ စင်ကာပူ၊ ဂျော်ဒန်၊ ဘင်္ဂလားဒေ့ရှ်၊ အီရတ်နှင့် ဆီးရီးယားတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး အုပ်စုတစ်စုစီမှ ပထမရရှိသော နှစ်သင်းသည် အာရှဇုန်(၃) ဒေးဗစ်ဖလား တင်းနစ်ပြိုင်ပွဲသို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို ယနေ့မှ မေ ၁ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသွားမည်ဖြစ်ရာ တင်းနစ်အားကစားဝါသနာရှင်များ အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

တန်ပြန်ရိုက်ချက်

ဒေးဗစ်ဖလားတင်းနစ်ပြိုင်ပွဲအုပ်စု(ခ)ပွဲစဉ်တွင် အိုမန်အသင်း၏ ရိုက်ချက်ကို မြန်မာအသင်းမှ ဇော်ဇော်လတ် တန်ပြန် ရိုက်လိုက်စဉ်။

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ပို့ဆောင်ရေးနှင့်တံခွန်အသင်းအနိုင်ရရှိ

ရန်ကုန် ဧပြီ ၂၇

၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ပို့ဆောင်ရေးအသင်းက ကမ္ဘောဇအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ တပ်မတော်(ကြည်း) အသင်းနှင့် တံခွန်အသင်းတို့ယှဉ်ပြိုင်ကစားရာ တံခွန်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပွဲစဉ်များအပြီးတွင် ပို့ဆောင်ရေးအသင်းက ၁၅ ပွဲကစား အမှတ်(၃၀)၊ တံခွန်အသင်းက ၁၅ ပွဲကစား (၂၃)မှတ်၊ ကမ္ဘောဇအသင်းက ၁၅ ပွဲကစား (၁၃)မှတ်၊ တပ်မတော်(ကြည်း)အသင်းက ၁၄ ပွဲကစား (၉)မှတ်ရရှိထားကြသည်။

ယနေ့ပွဲ

ဧပြီ ၂၈ ရက်**(ယနေ့)** ညနေ၄နာရီတွင် တောင်ဥက္ကလာပမြို့နယ် ပဒေသာ အားကစားကွင်း၌ မလိခအသင်းနှင့် ပြည်ထဲရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား အားကစား

စီးရီးအေပြိုင်ပွဲ အေစီမီလန်က ပါးမားကိုအနိုင်ရ ဂိုးကွာခြားချက်ဖြင့် ဂျူဗင်းတပ်စ်ကို ဦးဆောင်

မီလန် ဧပြီ ၂၇

အီတလီစီးရီးအေဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၃)ကို တနင်္လာနေ့က ကျင်းပရာ အေစီမီလန်က ပါးမားကိုလည်းကောင်း၊ ဂျူဗင်းတပ်အသင်းက လာဇီယိုအသင်းကိုလည်းကောင်း၊ မက်ဆီနာက အင်တာမီလန်ကိုလည်းကောင်း၊ ဆမ်ဒိုးရီးယားက ရီးမားကိုလည်းကောင်း အသီးသီးအနိုင်ရရှိသွား၍ ရမှတ်များတိုးခဲ့သည်။

အေစီမီလန်အသင်းသည် အိမ်ကွင်း၌ ပါးမားအသင်းကို လက်ခံကစားရာတွင် သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အေစီမီလန်အသင်းအတွက်အနိုင်ဂိုးများကို ပွဲချိန် ၃၄ မိနစ်တွင် ကာကာက တစ်ဂိုး၊ ခြောက်မိနစ်တွင် တိုမက်ဆင်က တစ်ဂိုး၊မိနစ် ၇၀ တွင် ကာဖူးက တစ်ဂိုး အသီးသီးသွင်းပေးခဲ့ကြသည်။

အေစီမီလန်အသင်းသည် ဂျူဗင်းတပ်စ်အသင်းနှင့်အတူရမှတ် ၇၃ မှတ်စီရရှိထားပြီး ဂိုးကွာခြားချက်ဖြင့် အေစီမီလန်က ဦးဆောင်လျက်ရှိသည်။

အေစီမီလန်အသင်းသည် ကမ္ဘာကျော် ဘောလုံးသမားများဖြစ်သည့် ရှက်ချင်ကို၊ ကာဖူး၊ မာဒီနီ၊ ကာကာ၊ ဆီးဒေါ့စသော ဘောလုံးသမားကောင်းများဖြင့်ဖွဲ့စည်းထားသည့်အတွေ့အကြုံရင့်ကျက်သော အသင်းကြီးဖြစ်သည်။

ဂျူဗင်းတပ်စ်နိုင်

ဂျူဗင်းတပ်စ်အသင်းသည် လာဇီယိုကွင်းသို့ သွားရောက်ကစားရာတွင် တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။ ဂျူဗင်းတပ်စ်အတွက်တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲပြီးရန် လေးမိနစ်အလိုတွင် ချက် တိုက်စစ်မှူး နက်ဗက်က လာဇီယိုနောက်တန်းလူနှစ်ယောက်ကို ကျော်ဖြတ်ကာဂိုးသွင်းယူလိုက်ခြင်းဖြစ်သည်။

ဂျူဗင်းတပ်စ်တို့ ယင်းပွဲအနိုင်ရခဲ့၍ အေစီမီလန်နှင့် အမှတ်ချင်းတူသွားသည်။ ဂျူဗင်းတပ်စ်နှင့် အေစီမီလန်တို့သည် ထိပ်သီးချင်းယှဉ်ပြိုင်ကစားမည့် ပွဲအပါအဝင် ငါးပွဲကစားရန်သာ ကျန်တော့သည်။

အင်တာမီလန်ရှုံးနိမ့်

မက်ဆီနာအသင်းနှင့် အင်တာမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် မက်ဆီနာအသင်းက အင်တာမီလန်အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် မထင်မှတ်ဘဲ အနိုင်ရရှိသွားခဲ့သည်။

နှစ်ဖက်အသင်းသည် ပွဲစလျှင်စချင်း အနိုင်ဂိုးများ သွင်းနိုင်ရေးအတွက် ခြေကုန်ထုတ်ကစားကြရာ ဒုတိယပိုင်းပြန်အစ ပွဲချိန် ၄၆မိနစ်တွင် ဂျူလီယိုခရုဇ်က အင်တာမီလန်အတွက် ဖွင့်ဆော်ဦးဂိုး သွင်းပေးခဲ့သည်။

အင်တာမီလန်က မက်ဆီနာအား ပွဲစဉ်တစ်လျှောက် ဖိကစားသွားခဲ့သည်ကို တွေ့ရသည်။ သို့ရာတွင် မက်ဆီနာ ကစားသမား နာပိုလီက ပွဲချိန် ၅၉မိနစ်တွင် သူ၏အသင်းအတွက် ချေပဂိုး သွင်းပေးခဲ့သည်။

နှစ်သင်းစလုံး အနိုင်ဂိုး သွင်းနိုင်ရေးအတွက် ခြေကုန်ထုတ် ထိုးဖောက်ကစားရာ မိနစ် ၉၀ ပြည့်ချိန်တွင် ရာဖေးလ်က မက်ဆီနာအတွက် အနိုင်ဂိုး သွင်းယူပေးခဲ့သည်။

ဆမ်ဒိုးရီးယားနိုင်

ဆမ်ဒိုးရီးယားအသင်းသည် ရီးမားအသင်းကို အိမ်ရှင်အဖြစ်လက်ခံကစားရာတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

အဖွင့်ဂိုးများ သွင်းနိုင်ရေးအတွက် နှစ်သင်းစလုံး အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ ပွဲချိန် ၃၃ မိနစ်တွင် မတ်စ်တိုနက်တိုက ဆမ်ဒိုးရီးယားအတွက် အဖွင့်ဂိုးသွင်းပေးခဲ့သည်။

ဒုတိယပိုင်းတွင် ဆမ်ဒိုးရီးယားအသင်းသည် ရီးမား၏တိုက်စစ်ကို ထိန်းကစားနိုင်ခဲ့ပြီး ထပ်ဆင့် ဂိုးသွင်းနိုင်ရေးအတွက် ဆက်လက် တန်ပြန်တိုက်စစ်ဆင်ကစားရာ ၇၅ မိနစ်တွင် ဆမ်ဒိုးရီးယားက ပယ်နယ်တီကန်ခွင့်ရခဲ့သည်။ ယင်းပယ်နယ်တီကို ဖန်ဆက်ကိုဖလာချီက သွင်းပေးခဲ့၍ ဆမ်ဒိုးရီးယားတို့ နှစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

သို့ရာတွင် စီးရီးအေ ထိပ်တန်းဂိုးသွင်းတိုက်စစ်မှူး မွန်တဲလ်လားက ပွဲသိမ်းချိန်တွင် ပယ်နယ်တီမှတစ်ဆင့် ရီးမားအသင်းအတွက် ချေပဂိုးသွင်းယူပေးခဲ့သည်။ **(အင်တာနက်)**

အေစီမီလန်အသင်းနှင့် ပါးမားအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် အေစီမီလန်ကစားသမား ပေါ်တူဂီသား ရူအီကော်စတာ(ဝဲ)၏ ထိုးဖောက် ကစားမှုကို ပါးမားမှ ဘရာဇီးသား ဆင်ပလီစီယိုက ဟန့်တားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြေပုံမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး ကျေးလက်ဆေးပေးခန်းဖွင့်

မြေပုံ ဧပြီ ၂၅

ရခိုင်ပြည်နယ် မြေပုံမြို့နယ် လမ်းထောင်ကြီးကျေးရွာအုပ်စု ပေါက်တူးတောင်ကျေးရွာတွင် သုံးဆယ်ဆရာတော် ဘဒ္ဒန္တ ဣန္ဒြာသဘ ဦးစီး၍ကျေးရွာ ပြည်သူများ စုပေါင်းလှူဒါန်းသော ကိုယ့်အားကိုယ်ကိုးကျေးလက်ဆေးပေးခန်း ဖွင့်ပွဲ အခမ်းအနားကိုဧပြီ ၂၁ ရက် နံနက် ၉နာရီက အဆိုပါ ဆေးပေးခန်းတွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် သုံးဆယ်ဆရာတော် ဘဒ္ဒန္တ ဣန္ဒြာသဘ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးစိုးသန်းနှင့် တိုက်နယ်ဆရာဝန် ဒေါက်တာကျော်စိုးနိုင်တို့က ကျေးလက်ဆေးပေးခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(က-ပ)**

ကရင်ပြည်နယ် စက်မှုလယ်ယာဦးစီးဌာန လယ်ယာသုံးစက်ကိရိယာအရောင်းဆိုင်ဖွင့်လှစ်

ဘားအံ ဧပြီ ၂၀

ကရင်ပြည်နယ် စက်မှုလယ်ယာ ဦးစီးဌာန လယ်ယာသုံးစက်ကိရိယာ အရောင်းဆိုင်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ၁၁ ရက် နံနက် ၇ နာရီခွဲက ဗိုလ်ချုပ်လမ်းရှိ အမှတ်(၂၀)ထွန်စက်စခန်း အရောင်းဆိုင်ရှေ့တွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ၂၀၀၄-၂၀၀၅ခုနှစ်အတွင်း လယ်ယာ (၁၆) လက်တွန်းထွန်စက် ၅၁စီးဝယ်ယူပြီး မြို့နယ်အလိုက် လယ်ယာ(၁၆)အများဆုံးဝယ်ယူမှု အထူးဂုဏ်ပြုဆုကို လှိုင်းဘွဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စံသာကို ပေးအပ်ချီးမြှင့်ပြီး လယ်ယာသုံးစက်ကိရိယာအရောင်းဆိုင်ကို ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူးနှင့် စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဖြန့်ဖြူးရောင်းချပေး

ကရင်ပြည်နယ် စက်မှုလယ်ယာဦးစီးဌာနက လယ်ယာ (၁၆)လက်တွန်း ထွန်စက်များကို ၂၀၀၄-၂၀၀၅ခုနှစ်အတွင်း ၁၄၁စီး ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့ပြီး လာမည့် ၂၀၀၅-၂၀၀၆ခုနှစ်အတွင်း အစီး၃၀၀ ကို မြို့နယ်အလိုက် ဖြန့်ဖြူးရောင်းချပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မတ္တရာမြို့နယ်တွင်နိုင်ငံသားအရည်အချင်း ပြည့်မီသူများ နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်

မတ္တရာ ဧပြီ ၈

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံး ဝန်ထမ်းများ မြို့နယ်အတွင်းရှိနိုင်ငံသား အရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ် ရေးကတ်ပြားထုတ်ပေးနိုင်ရေးအတွက် ကျောက်စရစ်မြောက်ကျေးရွာအုပ်စုသို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကို မတ် ၃၀ ရက်က ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဦးစီးမှူးက ၁၉၈၂ခုနှစ် မြန်မာနိုင်ငံသားဥပဒေဆိုင်ရာအချက်အလက်များကိုရှင်းလင်းဆွေးနွေးပြီး ဆောင်ရွက်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၀၃ ခုကို တိုင်းဦးစီးမှူးက ကျေးရွာအုပ်စုဥက္ကဋ္ဌသို့ ပေးအပ်ကြောင်း သိရသည်။ **(ခရိုင် လဝက)**

လမ်းပြုပြင်

မောင်တောမြို့နယ် သုံးမိုင်-ကြိမ်ချောင်းလမ်းအပိုင်းရှိကတ္တရာလမ်းပြုပြင်ခြင်းကိုမတ်၂၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ခင်ဦးမြို့နယ်၌ အောင်မေတ္တာစာကြည့်တိုက်ဖွင့်

ခင်ဦး ဧပြီ ၁၀

ခင်ဦးမြို့နယ် တမာကျေးရွာ သုခိတာရွှေဘုံသာကျောင်းတိုက်တွင် ကိုယ့်အားကိုယ်ကိုး အောင်မေတ္တာ စာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ ၁ရက် နံနက် ၉နာရီကကျင်းပရာကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တ ဇောတိက၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးကျော်တင့်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင် ဦးအောင်မိုးကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကိုလည်းကောင်း၊ စာထောက်(၃)ဦးအောင်မင်းကစာအုပ်မျိုးစုံ တိုက်ပိုင်ရေးသွင်းခြင်းလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး အလှူရှင်များက စာအုပ်မျိုးစုံ ၄၅၀ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမက (၈)တွင် မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲကို ဧပြီ ၂၁ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးက မပန်းအိဖုန်းမြင့်အား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (မြန်မာ့အလင်း)

မြန်မာ့အသံ

၂၉-၄-၂၀၀၅
(သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့် ဝဋ္ဋသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးရေးရာပြန်ကြားလွှာ
၁၂း၀၀ ကျန်းမာရေးနှင့် ဆေးပညာ (အာဟာရချို့တဲ့မှုများ ကာကွယ်ရေးနှင့် အာဟာရမျှတအောင် စားသုံးရေး)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ခွင့်လွှတ်ခြင်းဖြင့်သာ)

ညနေပိုင်း

၁၇း၃၀ အဘိုး၊ အဘွားအလေးထား (ဒါရိုက်တာ စာရေးဆရာကြီး ဦးသုခ)
၁၈း၁၅ ကျေးလက်ဇာတ်လမ်း (သေချာတဲ့ဗေဒါ)
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (အအိပ်၊ အနေ အသက်ရှည်ဖို့ အကြောင်း-မောင်ဆုရှင်)

ဧပြီ ၂၀ ရက်က မြဝတီမြို့နယ် ရွှေကုက္ကို ကျေးရွာတွင် မြဝတီခရိုင်နှင့် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနဝန်ထမ်းများ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပြုလုပ်ပေးရေးကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကြည်လင်၊ မြဝတီခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်နှင့် ကျေးရွာဥက္ကဋ္ဌတို့က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြစဉ်။ (ခရိုင် လဝက)

သာပေါင်းမြို့နယ် ကုန်းတန်းကြီးကျေးရွာတွင် ရေကန်အဆင့်မြှင့် ဆောင်ရွက်ခြင်းလုပ်ငန်းကို မတ် ၂၀ ရက်က ဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

ရှေးဦးသူနာပြုစုခြင်း အခြေခံသင်တန်းဖွင့်

ဝိုင်းမော် ဧပြီ ၁၅

ဝိုင်းမော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးကြပ်၍ မြို့နယ်ကြက်ခြေနီအသင်းက စီစဉ်ဖွင့်လှစ်သော ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်သင်တန်းနှင့် ရှေးဦးသူနာပြုစုခြင်းအခြေခံအဆင့်သင်တန်း အမှတ်စဉ် (၁/၂၀၀၅) ကို ဧပြီ ၄ရက် မွန်းလွဲ ၁နာရီခွဲက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဆမားခန်းမဆောင်တွင် ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသန်းရွှေ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့တပ်ရင်းမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသောင်းဖေနှင့် မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ၊ မြို့နယ်ဆရာဝန်ဒေါက်တာမြင့်စိုးတို့က သင်တန်းဖွင့် အမှာစကားများ ပြောကြားကြသည်။

တက်ရောက်

အခမ်းအနားသို့မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းရွှေနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့်သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ညောင်လေးပင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ရီရှင်ဖလား ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဧပြီ ၁၁ ရက်ကကျင်းပရာ ပထမဆုရ တော်ဝိကျေးရွာ ဘောလုံးအသင်းအား မြို့နယ် ဥက္ကဋ္ဌ ဦးသိမ်းဌေး၊ ရီရှင်ကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးအောင်သိန်း၊ ညောင်လေးပင် ဆိုင်ခွဲမန်နေဂျာ ဦးမျိုးကျော်တို့က ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။ (မြို့နယ် အား/ကာ)

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် တိုက်အမှတ်-၁၆၃၊ အခန်းအမှတ်(၂)နေ ဦးကိုကို မှတ်ပုံတင်အမှတ်-အမ်ဂျီအီး- ၀၀၄၅၀၀ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်မ၏ အမှုသည် မွန်ပြည်နယ်၊ မော်လမြိုင်မြို့ မရမ်းကုန်းရပ်၊ ဗဟိုလမ်း၊ ဦးပိုင်အမှတ်-၈၁/၆၇-၆၈၊ အကွက်အမှတ်(၅၂)၊ မြေချိန် ၀ ဒသမ ၀၅၀၊ ထာဝရဂရန် အမှတ်(၁၅၂၈) ဟုခေါ်တွင်သော မြေကွက်နှင့်ထိုမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို တစ်ဦးတည်း ပိုင်ဆိုင်သူဖြစ်သဖြင့် အဆိုပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို အပြီးအပိုင်ရောင်းချရန် စီစဉ်နေပါသည်။ ထို့ကြောင့် ယင်းသို့ရောင်းချမည့်ကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်မှုရှိသူများမှ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ တစ်ပတ်အတွင်း ကျွန်မတို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မော်မော်ခင် **ဒေါ်ညွှန့်ညွှန့်အေး**
တရားရုံးချုပ်ရှေ့နေ **အထက်တန်းရှေ့နေ**
အမှတ်-၅၀၊ ပထမထပ်
အခန်းအမှတ်-E ၂၊ ၃၊ ၉
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အိမ်ဝယ်မယ်ဆိုရင်

ဝယ်တဲ့တန်ဖိုးရဲ့ ၈၀ % အထိစိုက်ပေးထားမယ့် REFIANACE စနစ်နဲ့ ရောင်းချပေးမှာ ဖြစ်တာကြောင့် စိတ်ဝင်စားမှာပါ။

ရောင်းချမည့်နေရာများ

၁။ ဟံသာရိပ်မွန်အိမ်ရာ
အမှတ်(၄/၅)ရပ်ကွက်၊ ကမာရွတ်မြို့နယ်(မြန်မာ့သဘော်ကျင်းဘေး)
ဖုန်း- ၀၁-၅၀၅၆၁၇၊ ၀၉-၉၉ ၂၆၇၉၇။

၂။ လှိုင်ရတနာအိမ်ရာ
ရန်ကုန်-အင်းစိန်လမ်းမကြီးဘေး၊ လှိုင်မြို့နယ်။

၃။ အရှေ့ပြည်သာရိပ်မွန်အိမ်ရာ
အနော်ရထာလမ်းနှင့် အမှတ်(၂)လမ်းမကြီးထောင့်
ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ ဖုန်း- ၀၉-၅၀ ၂၀၃၄၄။

၄။ ချမ်းသာပလာဇာ
အမှတ်(၁၀၀/၁၀၂)၊အထက်ပုဇွန်တောင်လမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း- ၀၁-၂၉၀၃၆၈၊ ၀၉-၉၉ ၂၂၅၃၈။

ဆက်သွယ်ရန်လိပ်စာ

ချမ်းသာဆောက်လုပ်ရေး(ရုံးချုပ်)၊ အမှတ်(၂၇၆)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်။

ဖုန်း- ၀၉-၉၉ ၂၂၆၀၀၊ ၀၉-၅၁ ၂၂၆၀၀၊ ၀၁-၅၂၆၆၇၄၊ ၀၁-၅၂၆၃၈၆၊ ၀၁-၅၀၂၅၃၅၊ ၀၁-၅၀၂၅၃၆။



ဦးမောင်မောင်ခွန် ၁၂/ကတတ(နိုင်) ၀၁၆၂၅၈ နှင့် အများသိစေရန်

ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၀)ရပ်ကွက် ကန်လမ်း အမှတ်-စီ/၄၀၂နေ ဦးခင်မောင်လေး အယ်လ်ပီအေ-၀၀၆၀၇၅၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်လေးပိုင် တိုယိုတာကိုရိုလာ စတေရှင်ဝက်ဂွန် (ဘ-၄၄၄) အဖြူရောင်ကားကို ၂၀၀၂ခုနှစ် မေလ(၃၁)ရက်နေ့တွင် ဦးကျင်စိန် ၁၂/ကတတ(နိုင်)၀၁၆၁၇၇ အား ငှားရမ်းခဲ့ပြီး၊ ၂၀၀၃ခုနှစ် မတ်လ ၃၁ရက်နေ့ ဦးကျင်စိန်မှ ကားပြန်လည်အပ်ချိန်တွင် ဦးမောင်မောင်ခွန်အား ယုံကြည်မှုအရ ခေတ္တလွှဲပြောင်းပေးအပ်ခဲ့ရာ ဦးမောင်မောင်ခွန်က ယနေ့တိုင်ကားပြန်လည်အပ်နှံခြင်းမရှိဘဲ ရှောင်တိမ်းနေပါသည်။

သို့ပါ၍ ဤကြော်ငြာပါသည်နေ့မှ ၃ရက်အတွင်း အဆိုပါကားကို ခေတ္တပေးအပ်စဉ် အနေအထားအတိုင်း ကျွန်ုပ်၏မိတ်ဆွေသို့ ပြန်လည်အပ်နှံရန်နှင့် အပ်နှံခြင်းမရှိက တည်ဆဲ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကားပိုင်ရှင် ဦးခင်မောင်လေး သိရှိသဘောတူညီခြင်းမရှိဘဲ အဆိုပါကားကို တစ်ဆင့်လွှဲပြောင်းခြင်းမပြုကြရန် သတိပေးကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးလှိုင်မြင့်(LL.B)
တရားရုံးချုပ်ရှေ့နေ
အမှတ်-၅၀၊အခန်း-ဘီ/၃၊ ဘဏ်လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေးတိုင်း မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး မီးဘေးကြိုတင်ကာကွယ်ရေး မြို့နယ်များသို့ ကွင်းဆင်းစစ်ဆေး

မန္တလေး ဧပြီ ၁၂

မန္တလေးတိုင်း မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ရဲကျော်သူ ရဲသူရသန်းကျော်ကျော်သည် တာဝန်ရှိသူများ လိုက်ပါလျက် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို မြို့နယ်များသို့ မတ် ၂၁ရက်က ကွင်းဆင်းစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယညွှန်ကြားရေးမှူးသည် မတ် ၂၁ ရက်က ပုဂံ ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်ရှိ မြို့နယ် သန္နေမီးသတ်စခန်းကိုရောက်ရှိရာ မြို့နယ်ဦးစီးမှူးဦးမျိုးမြင့်အောင်နှင့်အဖွဲ့က ကြိုဆိုကြပြီး မြို့နယ်ရုံးတွင် မြို့နယ်ဦးစီးမှူးက ညောင်ဦးမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဒုတိယညွှန်ကြားရေးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။ **(အပေါ်ပုံ)**

အလားတူ ဒုတိယညွှန်ကြားရေးမှူးသည် မတ် ၂၂ ရက်နှင့် ၂၃ ရက်က မြင်းခြံမြို့နှင့် မိတ္ထီလာမြို့နယ်များရှိသန္နေစခန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(၁၆၂)**

မိုးကောင်းမြို့နယ် စည်ပင်သာယာဈေးများ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

မိုးကောင်း ဧပြီ ၁၆

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများ မီးဘေးကြိုတင် တားဆီးကာကွယ်ရေးစီမံချက်အရ မြို့နယ် အရန်မီးသတ်တပ်ရင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ဧပြီ၁ရက်က မိုးကောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးအတွင်း မီးငြိမ်းသတ်မှု လက်တွေ့ သရုပ်ပြ လေ့ကျင့်မှုများ ဆောင်ရွက်ကြသည်။

သရုပ်ပြလေ့ကျင့်

အဆိုပါ မီးငြိမ်းသတ်မှုလက်တွေ့ သရုပ်ပြလေ့ကျင့်ရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်၊ မြို့နယ်ဒုတိယဦးစီးမှူး(ဈေး) ဦးအောင်ဆွေနှင့် ဝန်ထမ်းများ၊ မြို့နယ်အရန်မီးသတ် တပ်ရင်းမှ တပ်ခွဲမှူး ဦးထွန်းရီနှင့် ဈေးအကျိုးဆောင် အဖွဲ့ဝင်များ တက်ရောက် အားပေးကြည့်ရှုပြီး မြို့နယ်အရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်မော်တော်ယာဉ်များနှင့်မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်ပုံ အမျိုးမျိုးကို လက်တွေ့သရုပ်ပြ လေ့ကျင့်ကြသည်။ **(၄၁၆)**

မဟာသိဒ္ဓိအဘိညာဉ်ဈာန်ဝင်စေတီဗုဒ္ဓါဘိသေကအနေကဇာတင် နန်းမြင့်ကျောင်းဆောင်ဖွင့်ပွဲအခမ်းအနား ပြည်မြို့၌ကျင်းပ

ပြည် ဧပြီ ၂၂

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ ဝေပုလ္လာရာမကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ပဲခူးတိုင်းသံဃနာယက ဒုတိယဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လ မဟာထေရ်မြတ်အား (၇၆)ကြိမ်မြောက် သိက္ခာထပ်မင်္ဂလာအခမ်းအနားနှင့် မဟာသိဒ္ဓိအဘိညာဉ်ဈာန်ဝင် စေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် နန်းမြင့်ကျောင်းဆောင်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ၂၀ရက် နံနက်၆နာရီက စိန္တာမယသိဒ္ဓိဗိမာန်ကြီးတွင်ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိ အမှူးပြုသော ဆရာတော် သံဃာတော် ၅၄ပါးကြွရောက်တော်မူကြပြီး အရဏ်ဆွမ်းများဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် နံနက်၇နာရီတွင် သာသနဝေပုလ္လကာရီ သိမ်တော်ကြီးတွင် သိက္ခာထပ်မင်္ဂလာ အခမ်းအနားကို ကျင်းပရာ အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ ပြည်မြို့၊ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၏ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိနှင့် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရေဝတတို့က နန်းမြင့်ကျောင်းဆောင်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး မဟာသိဒ္ဓိအဘိညာဉ်ဈာန်ဝင် စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ထို့နောက် နံနက် ၉နာရီတွင် စိန္တာမယသိဒ္ဓိဗိမာန်တော်ကြီး၌ ဆက်လက်ကျင်းပရာ ပဲခူးတိုင်းသံဃနာယက ဒုတိယဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လထံမှ ရန်ကုန်မြို့ ကမ်းနားလမ်း အမှတ် ၄၀၄နေ သိက္ခာထပ်အလှူရှင် ဒေါ်ရှုလေမိသားစုနှင့် ဧည့်ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။ ယင်းနောက် ဆရာတော်ကြီးက ရေစက်ချ တရားချီးမြှင့်တော်မူပြီး ကောင်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်းသိရသည်။ **(၄၀၃)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ပုန်းညက်လမ်းကျောက်ချောခင်းခြင်း လုပ်ငန်း ဆောင်ရွက်မှုကို မတ် ၃ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုး၊ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးနေဦး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကိုကိုနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှမျိုးတို့ လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

နိုင်ငံသားတိုင်းတွင် မိမိနိုင်ငံနှင့်ပတ်သက်၍ မွေးရာပါတာဝန်နှစ်ရပ်ရှိ မိမိနိုင်ငံကို ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံဖွံ့ဖြိုးအောင်ဆောင်ရွက်ရန်တို့ဖြစ် နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိပါးမှုရှိလာပါက တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ခုခံဆန့်ကျင် တိုက်ခိုက်သွားရမည်

ရန်ကုန် ဧပြီ ၂၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဧပြီ ၂၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ထွက်ခွာ၍ မြစ်ကြီးနားမြို့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြစ်ကြီးနားမြို့ အစိုးရနည်းပညာကောလိပ် တည်ဆောက်ရေးလုပ်ငန်းခွင် ကြည့်ရှုစစ်ဆေး

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် မြစ်ကြီးနားမြို့ အစိုးရ နည်းပညာကောလိပ် အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)



နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူအေးချမ်းသာယာရေးကို အန္တရာယ်ပြုလာသည့် ပြည်ပြေးစဝ်ခမ်ဖဦးစီးသောအဖွဲ့နှင့် အပေါင်းပါတစ်စု၏လုပ်ရပ်ကို ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်(SNLD)က

လုံးဝလက်မခံ၊ ကန့်ကွက်ကြောင်း သဘောထားကြေညာချက်ထုတ်ပြန်

ရန်ကုန် ဧပြီ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူတို့၏အေးချမ်းသာယာရေးကို အနှောင့်အယှက် အန္တရာယ်ပြုလာသည့် ပြည်ပြေး စဝ်ခမ်ဖ ဦးစီးသောအဖွဲ့နှင့် အပေါင်းပါတစ်စု၏ လုပ်ရပ်အား ပြစ်တင်ရှုတ်ချ ဆန့်ကျင်ကန့်ကွက်သော သဘောထားကြေညာချက်များကို အသီးသီးထုတ်ပြန်ကြေညာလျက်ရှိသည်။ ယင်းသို့ထုတ်ပြန်ကြေညာကြသော အဖွဲ့အစည်းများအနက် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD)၏ သဘောထားကြေညာချက် အပြည့်အစုံကို တစ်ဖက်ပါအတိုင်း ဆက်လက်ဖော်ပြအပ်ပါသည်–

(သတင်းစဉ်)

ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်(SNLD)၏ကြေညာချက်

ဧပြီလ (၂၃) ရက်၊ ၂၀၀၅ ခုနှစ်

၁။ ၂၀၀၅ခုနှစ် ဧပြီလ(၁၇)ရက်နေ့တွင် ပြည်ပတစ်နေရာ၌ ရှမ်းပြည်ယာယီအစိုးရအဖွဲ့ကို ဖွဲ့စည်းကြောင်း၊ ရှမ်းပြည်နယ်ကို လွတ်လပ်သည့်နိုင်ငံအဖြစ် တည်ထောင်ကြောင်း သတင်းထုတ်ပြန်ကြေညာသည်ကို ကြားသိရသည်။

၂။ အဆိုပါထုတ်ပြန်ကြေညာချက်သည် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၏ မူဝါဒသဘောထားများနှင့်ဆန့်ကျင်ပြီး ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်သည် ၎င်း၏သတင်းထုတ်ပြန်ကြေညာသည့်အဖွဲ့နှင့်လည်း ဆက်စပ်ပတ်သက်ခြင်း လုံးဝမရှိပါ။

၃။ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်သည် ပြည်ထောင်စုမှ သီးခြားခွဲထွက်ရေးမူကို မည်သည့်အခါမျှ လက်ခံကျင့်သုံးခြင်းမရှိ၊ နောင်လည်း ကျင့်သုံးမည်မဟုတ်။

၄။ သို့ဖြစ်၍ ရှမ်းပြည်ယာယီအစိုးရဖွဲ့စည်းပြီး ရှမ်းပြည်နယ်ကို လွတ်လပ်သည့်နိုင်ငံအဖြစ် တည်ထောင်ကြောင်းကို ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်က လုံးဝလက်မခံ၊ ကန့်ကွက်ကြောင်း ကြေညာလိုက်သည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်